ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ

# ဥပဒေ

၂၀၁၁ ခုနှစ် ၊ အောက်တိုဘာလ ၁၈ ရက်နေ့အထိ

ပြင်ဆင်ထားသည့်အတိုင်း ပြန်လည်ပုံနှိပ်သည် ။

၂၀၁၄ ခုနှစ် ၊ ဇူလိုင်လ ၂၅ ရက် ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ

# ဥပဒေ

၂၀၁၄ ခုနှစ် ၊ ဇူလိုင်လ ၂၅ ရက် ။

# အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ

## အမှာစာ

ဤအမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ အရ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ၈.၃.၂၀၁၀ ရက်နေ့တွင် ဥပဒေအမှတ် (၄/၂၀၁၀) ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါသည်။

ယင်းဥပဒေကို ပြည်ထောင်စုလွှတ်တော်က ၁၈.၁၀.၂၀၁၁ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉ ဖြင့် "အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေ" ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၉) ဖြင့် အောက်ပါပုဒ်မများကို ပြင်ဆင်/ ဖြည့်စွက်ပြဋ္ဌာန်းပေးခဲ့ကြောင်း တွေ့ရပါသည်-

(က) ပုဒ်မ ၇၄ ၊ ပုဒ်မခွဲ (က)

(ခ) ပုဒ်မ ၈၈။

ဥပဒေအသုံးပြုသူများအနေဖြင့် လေ့လာဖတ်ရှုလွယ်ကူစေခြင်းအလို့ငှာ ပြည်ထောင်စုလွှတ်တော်က ၁၈.၁၀.၂၀၁၁ ရက်နေ့အထိ ပြင်ဆင်ထားသည့်အတိုင်း ထပ်မံပုံနှိပ်ထုတ်ဝေခြင်း ဖြစ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေ

## မာ တိ ကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | အခန်း ( ၁ )<br>အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ | အခန်း ( ၂ )<br>အမျိုးသားလွှတ်တော်ဖွဲ့စည်းခြင်း | ၅ |
| ၃။ | အခန်း ( ၃ )<br>မဲဆန္ဒနယ်များ သတ်မှတ်ခြင်း | ၅ |
| ၄။ | အခန်း ( ၄ )<br>ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ | ၉ |
| ၅။ | အခန်း ( ၅ )<br>ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူများနှင့်<br>ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိသူများ | ၁၀ |
| ၆။ | အခန်း ( ၆ )<br>မဲစာရင်းပြုစုခြင်း | ၁၅ |
| ၇။ | အခန်း ( ၇ )<br>လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း<br>တင်သွင်းခြင်း၊ကြေညာခြင်းနှင့် ရွေးကောက်ပွဲ<br>ကိုယ်စားလှယ်ခန့်ထားခြင်း | ၁၉ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၈။ | အခန်း ( ၈ ) | |
| | တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ | ၂၁ |
| ၉။ | အခန်း ( ၉ ) | |
| | ရွေးကောက်ပွဲကျင်းပခြင်း | ၂၂ |
| ၁၀။ | အခန်း ( ၁၀ ) | |
| | ဆန္ဒမဲရေတွက်ခြင်းနှင့် အတည်ပြုကြေညာခြင်း | ၂၈ |
| ၁၁။ | အခန်း ( ၁၁ ) | |
| | ကော်မရှင်၏ လုပ်ပိုင်ခွင့်များ | ၃၁ |
| ၁၂။ | အခန်း ( ၁၂ ) | |
| | ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်များ | ၃၂ |
| ၁၃။ | အခန်း ( ၁၃ ) | |
| | ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့် ပြစ်ဒဏ်များ | ၃၃ |
| ၁၄။ | အခန်း ( ၁၄ ) | |
| | တရားမဲ့ ပြုကျင့်မှုများ | ၃၈ |
| ၁၅။ | အခန်း ( ၁၅ ) | |
| | ရွေးကောက်တင်မြှောက်ခံရခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်ချက်များကို အဆုံးအဖြတ်ပေးခြင်း | ၄၁ |
| ၁၆။ | အခန်း ( ၁၆ ) | |
| | အထွေထွေ | ၄၈ |

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

# အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်၊ ၄ /၂၀၁၀ )

၁၃၇၁ ခုနှစ် ၊ တပေါင်းလပြည့်ကျော် ၉ ရက်

( ၂၀၁၀ ပြည့်နှစ် ၊ မတ် လ ၈ ရက် )

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်နိုင်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၃ နှင့်အညီ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်။

(က) **ဖွဲ့စည်းပုံအခြေခံဥပဒေ**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆိုသည်။

(ခ ) **လွှတ်တော်** ဆိုသည်မှာ အမျိုးသားလွှတ်တော်ကိုဆိုသည်။

(ဂ) **လွှတ်တော်ကိုယ်စားလှယ်**ဆိုသည်မှာ ဤဥပဒေအရ အမျိုးသားလွှတ်တော်သို့ ရွေးကောက်တင်မြှောက်ခံရသူကို လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကို လည်းကောင်း ဆိုသည်။

(ဃ) **ရွေးကောက်ပွဲ** ဆိုသည်မှာ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲကို ဆိုသည်။

(င) **မဲဆန္ဒနယ်** ဆိုသည်မှာ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်ကိုဆိုသည်။

(စ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်** ဆိုသည်မှာ လက်ရှိ တိုင်းအသီးသီး သို့မဟုတ် ပြည်နယ် အသီးသီးကို ဆိုသည်။

(ဆ) **ကော်မရှင်**ဆိုသည်မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဆိုသည်။

(ဇ) **ကော်မရှင်အဖွဲ့ခွဲ** ဆိုသည်မှာ ကော်မရှင်က ဖွဲ့စည်းထားသော အောက်ပါတို့ကို ဆိုသည် -

(၁) နေပြည်တော် ကော်မရှင် အဖွဲ့ခွဲ၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၊

(၃) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင် အဖွဲ့ခွဲ

(၄) ခရိုင်ကော်မရှင်အဖွဲ့ခွဲ၊

(၅) မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၊

(၆) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ။

(ဈ) **သာသနာ့ဝန်ထမ်း** ဆိုသည်မှာ အောက်ပါပုဂ္ဂိုလ်များကို ဆိုသည် -

(၁) ဗုဒ္ဓဘာသာဝင်များအတွက်ဖြစ်လျှင် ဗုဒ္ဓဘာသာသာသနာ့ဝန်ကို ထမ်းရွက်နေသော ရဟန်း၊ သာမဏေ၊ ဖိုးသူတော်၊ မယ်သီလ၊

**ရှင်းလင်းချက်။** သာသနာ့ဝန်ထမ်းဟုဆိုရာတွင် သာသနာရေးဆိုင်ရာ ရဟန်း သို့မဟုတ် သာသနာ့ဝန်ထမ်းအဖြစ် ခေတ္တခံယူထားသူများနှင့်လည်း သက်ဆိုင်စေရမည်။

(၂) ခရစ်ယာန်ဘာသာဝင်များအတွက်ဖြစ်လျှင် ခရစ်ယာန်သာသနာ့ဝန်ကို ထမ်းဆောင်ရန် အဓိကအားဖြင့် မိမိကိုယ်ကို ဆက်ကပ်ပြီးသော ပုဂ္ဂိုလ်ဟု သက်ဆိုင်ရာ ခရစ်ယာန်အသင်းတော်ကြီးများ (Churches) က အသိအမှတ်ပြု၍ သိက္ခာပေးထားခြင်းခံရသော သို့မဟုတ် တာဝန်ပေးထားခြင်းခံရသော ပုဂ္ဂိုလ်များနှင့် မိမိတို့ ကိုးကွယ်ရာဘာသာအရ ဂိုဏ်းချုပ်၏ အုပ်ချုပ်ခြင်းကို ဆန္ဒအလျောက်လက်ခံ၍ ဘာသာရေး စည်းမျဉ်း သို့မဟုတ် အဓိဋ္ဌာန်ပြုချက်ဖြင့် စည်းရုံးထားသော ပုဂ္ဂိုလ်တစ်စုတွင် သို့မဟုတ် အဖွဲ့အစည်းတွင် ပါဝင်သော ပုဂ္ဂိုလ်များ၊

(၃) ဟိန္ဒူဘာသာဝင်များအတွက်ဖြစ်လျှင် စံယာစီ၊ မဟန့် သို့မဟုတ် ဟိန္ဒူ ဘုန်းတော်ကြီးများ။

(ည) **မဲစာရင်း** ဆိုသည်မှာ ရွေးကောက်ပွဲကိစ္စအလို့ငှာ သတ်မှတ်ထားသော မဲဆန္ဒနယ်များအတွက် ပြုစုထားသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ စာရင်းကို ဆိုသည်။

( ၠ) **ထောင်ဒဏ်ကျခံနေရသူ** ဆိုသည်မှာ တရားရုံးတစ်ခုခု၏ စီရင်ချက်အရ ထောင်ဒဏ် ကျခံနေရသူကိုဆိုသည်။ ယင်းစကားရပ်တွင် သက်ဆိုင်ရာ တရားရုံး၏ ထောင်ဒဏ် စီရင်ချက်ကို မကျေနပ်၍ အယူခံမှု သို့မဟုတ် ပြင်ဆင်မှုလျှောက်ထားသော ထောင်ဒဏ်ကျခံနေရဆဲဖြစ်သူလည်း ပါဝင်သည်။

( ဌ) **မဲရုံအဖွဲ့** ဆိုသည်မှာ မဲဆန္ဒနယ်တစ်နယ်အတွင်းရှိ မဲရုံတစ်ရုံ၌ ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍ စုပေါင်းတာဝန်ယူ ဆောင်ရွက်ရန် သက်ဆိုင်ရာမြို့နယ်ကော်မရှင် အဖွဲ့ခွဲက တာဝန်ပေးအပ်ထားသော အဖွဲ့ကိုဆိုသည်။

( ဍ) **မဲရုံမှူး** ဆိုသည်မှာ မဲရုံအဖွဲ့အား ကြီးကြပ်သောပုဂ္ဂိုလ်ကို ဆိုသည်။

( ဎ) **ရွေးကောက်မှုဆိုင်ရာ အခွင့်အရေး** ဆိုသည်မှာ ရွေးကောက်ပွဲတွင် လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်နိုင်သော အခွင့်အရေး၊ ပါဝင်ယှဉ်ပြိုင်ခြင်းမပြုဘဲနေနိုင်သော အခွင့်အရေး၊ လွှတ်တော်ကိုယ်စား လှယ်လောင်း စာရင်းမှ နုတ်ထွက်နိုင်သော အခွင့်အရေး၊ ရွေးကောက်ပွဲတွင် မဲပေးနိုင်သော အခွင့်အရေး သို့မဟုတ် မဲပေးခြင်းမပြုဘဲနေနိုင်သော အခွင့်အရေးကို ဆိုသည်။

(ဏ) **တရားမဲ့ပြုကျင့်မှု** ဆိုသည်မှာ ဤဥပဒေအခန်း (၁၄) တွင် ဖော်ပြထားသော ပြုကျင့်မှု တစ်ခုခုကို ဆိုသည်။

(တ) **နည်းဥပဒေများ** ဆိုသည်မှာ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများကိုဆိုသည်။

## အခန်း (၂)

## အမျိုးသားလွှတ်တော်ဖွဲ့စည်းခြင်း

၃။ အမျိုးသားလွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၂၂၄ဦး ဖြင့် အောက်ပါ အတိုင်း ဖွဲ့စည်းရမည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၆ အရ ဖွဲ့စည်းမည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုစီမှ တစ်ဦးစီပါဝင်စေပြီး ပြည်ထောင်စုနယ်မြေ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦး၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၁၊ ပုဒ်မခွဲ(ခ)အရ သက်ဆိုင်ရာ ပြည်ထောင်စု နယ်မြေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီ အတွက် ကိုယ်စားလှယ် လေးဦးကျစီဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၅၆ ဦး။

## အခန်း (၃)

## မဲဆန္ဒနယ်များ သတ်မှတ်ခြင်း

၄။ ကော်မရှင်သည် လွှတ်တော်မဲဆန္ဒနယ်များကို သတ်မှတ်ရာတွင် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုလျှင် လွှတ်တော်မဲဆန္ဒနယ် ၁၂ နယ်သာ သတ်မှတ်ရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုတွင် ပါဝင်သော မြို့နယ် အရေအတွက်သည် ၁၂ မြို့နယ် အောက်လျော့နည်းပါ က အောက်ပါ အတိုင်း သတ်မှတ်ရမည်-

(၁) မြို့နယ်တစ်မြို့နယ်လျှင် မဲဆန္ဒနယ်တစ်နယ် သတ်မှတ် ပေးရမည်။

(၂) ပုဒ်မခွဲငယ် (၁)အရသတ်မှတ်ရာတွင် မဲဆန္ဒနယ်အရေအတွက် သည် ၁၂ နယ် အောက်လျော့နည်းပါက လိုအပ်နေသော မဲဆန္ဒနယ် အရေအတွက်ကို ယင်းတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ မြို့နယ်များ၏ လူဦးရေ အများအနည်း အလိုက် တန်းစီဇယားပြုစု၍ လူဦးရေအများဆုံး မြို့နယ်မှ စပြီး မြို့နယ်တစ်နယ်လျှင် မဲဆန္ဒနယ်တစ်နယ်စီကို လိုအပ်နေသော မဲဆန္ဒနယ် အရေအတွက် ပြည့်သည်အထိ ထပ်ဆောင်း သတ်မှတ်ပေးရမည်။

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မပါရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုတွင် ပါဝင်သည့် မြို့နယ်အရေအတွက်သည် ၁၂ မြို့နယ်ထက် ပိုမိုပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည် –

(၁) မဲဆန္ဒနယ် အရေအတွက်ကို ခရိုင်များရှိ လူဦးရေကို အခြေခံ၍ သတ်မှတ် ရမည်။

(၂) ခရိုင် တစ်ခုအတွက် ရရှိသော မဲဆန္ဒနယ် အရေအတွက် ပေါ်မူတည်၍ မဲဆန္ဒနယ်များကို သတ်မှတ်ရာတွင် အောက်ပါ အတိုင်း ဆောင်ရွက်ရမည်-

(ကက) ခရိုင်တစ်ခုအတွက် ရရှိသော မဲဆန္ဒနယ် အရေအတွက်သည် ယင်းခရိုင်အတွင်းရှိ မြို့နယ်

အရေအတွက်နှင့် တူညီနေပါက တစ်မြို့နယ် လျှင် မဲဆန္ဒနယ် တစ်နယ်စီ သတ်မှတ်ပေးရမည်။

(ခ ခ) ခရိုင်တစ်ခုအတွက် ရရှိသော မဲဆန္ဒနယ် အရေအတွက်သည် ယင်း ခရိုင်အတွင်းရှိ မြို့နယ် အရေအတွက်ထက် ပိုမိုနေပါက တစ်မြို့နယ်လျှင် မဲဆန္ဒနယ်တစ်နယ်စီ သတ်မှတ်ပေးရမည်။ ယင်းသို့ သတ်မှတ် ပေးပြီးနောက် ပိုမိုနေသေးသော မဲဆန္ဒနယ် အရေအတွက်ကို ယင်း ခရိုင်အတွင်းရှိ မြို့နယ်များ၏ လူဦးရေ အများအနည်းအလိုက် တန်းစီ ဇယားပြုစု၍ လူဦးရေ အများဆုံး မြို့နယ်မှစ၍ တစ်မြို့နယ်လျှင် မဲဆန္ဒနယ်တစ်နယ်စီကို လိုအပ်နေသော မဲဆန္ဒနယ် အရေအတွက် ပြည့်သည်အထိ ထပ်ဆောင်းပေးရမည်။

(ဂ ဂ) ခရိုင်တစ်ခုအတွက် ရရှိသော မဲဆန္ဒနယ် အရေအတွက် သည် ယင်းခရိုင်အတွင်းရှိ မြို့နယ်ဦးရေအောက် လျော့နည်းနေပါက လူဦးရေ ကွာဟမှု မကြီးမားစေရေး အတွက် မဲဆန္ဒနယ်များ၏ လူဦးရေ အချိုးအစား တတ်နိုင်သမျှ နီးစပ်မှုရှိစေရန် တစ်ဆက်တစ်စပ်တည်းရှိ သော မြို့နယ်တစ်မြို့နယ် သို့မဟုတ် မြို့နယ်များဖြင့် ပေါင်းရုံး ဖွဲ့စည်း နိုင်သည်။

(ဃဃ) ထိုသို့ မဲဆန္ဒနယ်များကို သတ်မှတ်ရာတွင် မြို့နယ် တစ်နယ်၏ အစိတ်အပိုင်း တစ်ခုကို အခြားမြို့နယ်နှင့် ပေါင်း၍ မဲဆန္ဒနယ် သတ်မှတ်ခြင်း မပြုရ။

(င င) လူဦးရေနည်းသော ခရိုင်များရှိပါက မဲဆန္ဒနယ် သတ်မှတ်ရာတွင် လူဦးရေမျှတမှု ရှိစေရေးအတွက်

ယင်းခရိုင်များနှင့် ဆက်စပ်လျက် ရှိသော အခြားခရိုင် တစ်ခုခုနှင့် စုစည်း၍ မဲဆန္ဒနယ် တစ်နယ်အဖြစ် သတ်မှတ်နိုင်သည်။

(ဃ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသပါရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက် မဲဆန္ဒနယ်များ သတ်မှတ်ရာတွင် အောက်ပါ အတိုင်း ဆောင်ရွက်ရမည် -

(၁) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုစီ အတွက် လွှတ်တော် မဲဆန္ဒနယ် တစ်နယ်စီ သတ်မှတ်ပေးရမည်။

(၂) ယင်းသို့ သတ်မှတ်ပေးပြီးနောက် ကျန်ရှိသော မဲဆန္ဒနယ်များ အတွက် ပုဒ်မ ၄၊ ပုဒ်မခွဲ (ဂ)ပါ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ရမည်။

(င) လွှတ်တော် သက်တမ်းတစ်ရပ်အတွက် သတ်မှတ်ထားသော လွှတ်တော်မဲဆန္ဒနယ် တစ်နယ်အတွင်း ကျရောက်သည့် နယ်မြေတစ်ခုခုကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ပါက ယင်းနယ်မြေသည် မူလသတ်မှတ်ထားသော လွှတ်တော် မဲဆန္ဒနယ် အတွင်း၌သာ ပါဝင်သည်ဟု မှတ်ယူရမည်။

၅။ (က) ကော်မရှင်ကသတ်မှတ်သော လွှတ်တော်မဲဆန္ဒနယ်များသည် လွှတ်တော်သက်တမ်း တစ်ခုအတွက်သာ အတည်ဖြစ်သည်။

(ခ) ကော်မရှင်က ပုံမှန်သက်တမ်း တစ်ရပ်အတွက် မဲဆန္ဒနယ်များ သတ်မှတ်ပြီးမှ မြို့နယ် အသစ်ဖွဲ့စည်းခဲ့လျှင် ယင်း မြို့နယ်သည် ထိုပုံမှန် သက်တမ်းအတွက် သတ်မှတ်ထားသည့် မဲဆန္ဒနယ်မြေ၌သာ ပါဝင်သည်ဟု မှတ်ယူရမည်။

(ဂ) လွှတ်တော်သက်တမ်းမကုန်ဆုံးမီ နောက်သက်တမ်းတစ်ခုအတွက် မဲဆန္ဒနယ် များကို ကော်မရှင်က အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ သတ်မှတ် ပေးရမည်။

## အခန်း (၄)

## ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ

၆။ အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူများသည် အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည် -

(က) ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသား ၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီသက်သေခံ လက်မှတ်ကိုင်ဆောင်ထားသူ၊

(ခ) သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သူ။

၇။ အောက်ပါပုဂ္ဂိုလ်များသည် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့် မရှိစေရ -

(က) သာသနာ့ဝန်ထမ်း၊

(ခ) ထောင်ဒဏ်ကျခံနေရသူ၊

(ဂ) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာ ဥပဒေက ပြဋ္ဌာန်းထားသည့် အတိုင်း သတ်မှတ်ခြင်းခံရသူ၊

(ဃ) လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့် မရသေးသူ၊

(င) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်း ခံရသူ၊

(စ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ်ခံယူထားသူ။

## အခန်း ( ၅ )

## ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူများနှင့် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိသူများ

၈။ အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသော နိုင်ငံသားများသည် အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည် -

(က) ရွေးကောက်တင်မြှောက်ခံနိုင်ရေးအတွက် အမည်စာရင်းတင်သွင်းလွှာ တင်သွင်း ချိန်တွင် -

(၁) အသက် ၃၀ နှစ်ပြည့်ပြီး ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သူ၊

(၂) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည့် အချိန်နှင့် တစ်ဆက်တည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အနည်းဆုံး ၁၀ နှစ် အခြေချနေထိုင်ခဲ့သူ၊

**ခြွင်းချက်။** နိုင်ငံတော်၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့ တရားဝင်သွားရောက်သည့် ကာလများကိုလည်း နိုင်ငံတော်တွင် အခြေချနေထိုင်ခဲ့သည့် ကာလ အဖြစ် ထည့်သွင်းရေတွက် ရမည်။

(၃) မဲစာရင်းတွင် ပါဝင်သူ။

(ခ) နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသောနိုင်ငံသားဖြစ်သူ၊

(ဂ) ဤဥပဒေတွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူ။

၉။ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူတစ်ဦးသည် တစ်သီးပုဂ္ဂလ အဖြစ်ဖြင့်ဖြစ်စေ၊ နိုင်ငံရေး ပါတီတစ်ခုခုကို ကိုယ်စားပြု၍ဖြစ်စေ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရှိသည်။

၁၀။ အောက်ပါပုဂ္ဂိုလ်များသည်ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိစေရ-

(က) ထောင်ဒဏ်ကျခံနေရသူ၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာမတည်မီကဖြစ်စေ ၊ အာဏာတည်ပြီးမှဖြစ်စေ လွှတ်တော်ကိုယ်စားလှယ် အရည်အချင်းပျက်ယွင်းစေသော ပြစ်မှုဖြင့် ပြစ်ဒဏ် ချမှတ်ခံရခြင်းကြောင့် သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာတရားမဲ့ပြုကျင့်မှု ကျူးလွန်ခြင်းကြောင့် သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေနှင့်အညီ ဆောင်ရွက်ရန်ပျက်ကွက်ခြင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်ထားသည့်ကာလ ကုန်ဆုံးခြင်း မရှိသေးသူ၊

(ဂ) စိတ်ပေါ့သွပ်သည်ဟု သက်ဆိုင်ရာ ဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်း ခံရသူ၊

(ဃ) လူမွဲအဖြစ် သက်ဆိုင်ရာ တရားရုံး၏ ကြေညာခံထားရခြင်းမှလွတ်မြောက်ခွင့် မရသေးသူ၊

(င) မွေးဖွားစဉ်က နိုင်ငံသားမဖြစ်သေးသော မိဘတစ်ပါးပါးမှဖြစ်စေ၊ နှစ်ပါးလုံးမှ ဖြစ်စေ မွေးဖွားသည့် နိုင်ငံသား၊

(စ) နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာကို ခံယူစောင့်ရှောက်ရိုသေသူ၊ နိုင်ငံခြားအစိုးရ၏ ဩဇာခံယူသူ၊ နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသား ဖြစ်သူ၊

(ဆ) နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော် လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသော အခွင့်အရေးများ သို့မဟုတ် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူ၊

(ဇ) နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏အစိုးရ သို့မဟုတ် ဘာသာရေး အဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ် တစ်ဦးဦးထံမှ ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်း စသည်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့် ဖြစ်စေ အထောက်အပံ့ ရယူသုံးစွဲသူ သို့မဟုတ် ယင်းသို့ အထောက်အပံ့ ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူ၊

(ဈ) နိုင်ငံရေးကိစ္စအတွက် ဘာသာရေးကို အကြောင်းပြု၍ ဆန္ဒမဲပေးရန် သော်လည်းကောင်း ၊ ဆန္ဒမဲမပေးရန်သော် လည်းကောင်း ပြောဆိုခြင်း ၊ ဟောပြောခြင်း၊ ကြေညာချက် ထုတ်ပြန်ခြင်းနှင့် ယင်းသို့ ပြုလုပ်ရန် အားပေးလှုံ့ဆော်ခြင်းပြုသူ သို့မဟုတ် ယင်းသို့ ပြုလုပ်သည့် အဖွဲ့အစည်းဝင်ဖြစ်သူ၊

(ည) သာသနာ့ဝန်ထမ်း၊

(ဋ) နိုင်ငံ့ဝန်ထမ်း၊

**ခြွင်းချက်။** ယင်းစကားရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော လွှတ်တော်များတွင် ရွေးချယ် ခန့်အပ်ခြင်းခံရသည့် တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များနှင့်လည်းကောင်း၊ လွှတ်တော်များရှိ အဖွဲ့အစည်းများတွင် ရွေးချယ်ခန့်အပ်ခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်း များနှင့်လည်းကောင်း မသက်ဆိုင်စေရ။

(ဌ) နိုင်ငံတော်ပိုင် ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းစသည်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သော နည်းဖြင့်

ဖြစ်စေ ရယူသုံးစွဲသူ သို့မဟုတ် ယင်းသို့ ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူ၊

**ခြွင်းချက်။** (၁) နိုင်ငံတော်ပိုင်ငွေကြေးဟူသော စကားရပ်တွင် အငြိမ်းစားလစာ၊ စရိတ်၊ ငွေကြေးသော်လည်းကောင်း၊ နိုင်ငံတော်အကျိုးအတွက် ဆောင်ရွက်သဖြင့် နိုင်ငံတော်က တရားဝင်ထောက်ပံ့ချီးမြှင့် ထားသော လစာ၊ စရိတ်၊ ငွေကြေးသော် လည်းကောင်း မပါဝင်၊

(၂) နိုင်ငံတော်ပိုင်မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်း ဟူသော စကားရပ်တွင် ဥပဒေတစ်ရပ်ရပ် အရသော်လည်းကောင်း၊တာဝန်အရသော်လည်းကောင်း နိုင်ငံတော်က သုံးစွဲခွင့်ပြုထားသော သို့မဟုတ် နိုင်ငံတော်ထံမှ အခကြေးငွေဖြင့် ငှားရမ်း သုံးစွဲသော နိုင်ငံတော်ပိုင်မြေ၊ အိမ်၊ အဆောက် အအုံနှင့် အခန်းများ၊ အခြားအဆောက်အအုံနှင့် အခန်းများ၊ နိုင်ငံတော်ပိုင် လေယာဉ်၊ ရထား၊ သင်္ဘော၊ မော်တော်ယာဉ်၊ ပစ္စည်းစသည်တို့ မပါဝင်။

(ဍ) ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူ၊

(ဎ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခြင်း ခံထားရသော အဖွဲ့အစည်း၊ အကြမ်းဖက် လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်အား လက်နက်ကိုင် ဆန့်ကျင်နေသော

သောင်းကျန်းသူ အဖွဲ့အစည်းများ သို့မဟုတ် ယင်း အဖွဲ့အစည်းဝင်များနှင့် ဆက်သွယ်ကြောင်း ခိုင်လုံသော အထောက်အထား ရှိသူ။

၁၁။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် အောက်ပါအချက် တစ်ခုခုနှင့် ငြိစွန်းလျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိစေရ -

(က) သာသနာ့ဝန်ထမ်းအဖြစ်သို့ အမြဲတမ်းကူးပြောင်းသွားခြင်း၊

(ခ) စိတ်ပေါ့သွပ်သည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ် ခံရခြင်း၊

(ဂ) လူမွဲအဖြစ် သက်ဆိုင်ရာ တရားရုံး၏ ကြေညာခံရခြင်း၊

(ဃ) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် တည်ဆဲ ဥပဒေ တစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရခြင်း၊

(င) သက်ဆိုင်ရာဥပဒေအရ နိုင်ငံသားအဖြစ်မှ ရပ်စဲသွားကြောင်း သတ်မှတ်ခံရခြင်း၊

(စ) မွေးဖွားစဉ်က မိဘတစ်ပါးပါးဖြစ်စေ၊ နှစ်ပါးလုံးဖြစ်စေ နိုင်ငံသား မဟုတ်ကြောင်း သက်ဆိုင်ရာ၏ သတ်မှတ်ခံရခြင်း၊

(ဆ) နိုင်ငံခြားအစိုးရ၏ကျေးဇူးသစ္စာကို ခံယူစောင့်ရှောက်ရှိသေသူ၊ နိုင်ငံခြားအစိုးရ၏ ဩဇာခံယူသူ၊ နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူဟု ရွေးကောက်ပွဲ ခုံအဖွဲ့၏ ဆုံးဖြတ် ခံရခြင်း၊

(ဇ) နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသော အခွင့်အရေးများ သို့မဟုတ် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့် ရှိသူဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရခြင်း၊

(ဈ) လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ကော်မရှင်က နုတ်ထွက်ခွင့်ပြုခြင်း၊

(ည) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခြင်းခံရသော အဖွဲ့အစည်း၊ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်အား လက်နက်ကိုင် ဆန့်ကျင်နေသော သောင်းကျန်းသူအဖွဲ့အစည်းများ သို့မဟုတ် ယင်းအဖွဲ့အစည်းဝင်များနှင့် ဆက်သွယ်ကြောင်း ခိုင်လုံသော အထောက်အထားရှိသည်ဟု သက်ဆိုင်ရာ တရားရုံး၏ ဆုံးဖြတ်ခံရခြင်း၊

(ဋ) ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဓ)၊(ဈ) သို့မဟုတ် (ဌ) ပါ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းဝင်ဖြစ်ကြောင်း ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရခြင်း၊

(ဌ) ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဋ)ပါ နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဝန်ထမ်း အဖွဲ့အစည်း အကြီးအမှူးက အကြောင်းကြားခံရခြင်း။

၁၂။ ရွေးကောက်တင်မြှောက်ခံရသူတစ်ဦးသည် ပုဒ်မ ၈နှင့် ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း တိုင်ကြားချက်ကို ရရှိလျှင် ကော်မရှင်သည် ယင်းတိုင်ကြားချက်ကို ရွေးကောက်ပွဲခုံအဖွဲ့ဖွဲ့၍ စစ်ဆေးပြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် ရှိ မရှိ ဆုံးဖြတ်စေနိုင်သည်။

## အခန်း (၆)

## မဲစာရင်းပြုစုခြင်း

၁၃။ လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရန် မဲဆန္ဒနယ်အသီးသီးအတွက် ဆန္ဒမဲပေးပိုင်ခွင့် ရှိသူများ၏ မဲစာရင်းများကို သတ်မှတ်

ထားသည့် အတိုင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲ များနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲတို့က ပြုစုရမည်။

၁၄။ (က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူတိုင်းသည် မဲဆန္ဒနယ် တစ်နယ်တွင် နေထိုင်သူလည်း ဖြစ်၍ ရွေးကောက်ပွဲ စတင် ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်သူလည်းဖြစ်လျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲကသက်ဆိုင်ရာ မဲစာရင်း၌ ထည့်သွင်း ဖော်ပြရမည်။

(ခ) တပ်မတော်သားများ၊ နိုင်ငံပြင်ပတွင်ရောက်ရှိနေသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သံအဖွဲ့ဝင်များနှင့် အိမ်ထောင်စု ဝင်များ၊ သံရုံးအဖွဲ့ဝင်များနှင့် အိမ်ထောင်စုဝင်များ၊ ပညာတော်သင်များနှင့် အိမ်ထောင်စုဝင်များ၊ ကိုယ်စားလှယ် အဖွဲ့ဝင်များနှင့် အိမ်ထောင်စုဝင်များ၊ ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများနှင့် အိမ်ထောင်စုဝင်များကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲက သတ်မှတ်ထားသည့်အတိုင်း သက်ဆိုင်ရာ မဲစာရင်း၌ ထည့်သွင်း ဖော်ပြ ရမည်။

၁၅။ (က) မဲဆန္ဒနယ်တစ်နယ်၏ မဲစာရင်းတွင် အမည်ပါဝင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် ယာယီ သက်သေခံလက်မှတ် ကိုင်ဆောင်ထားသူတိုင်းသည် ယင်းမဲဆန္ဒနယ်တွင်သာ ဆန္ဒမဲ ပေးပိုင်ခွင့် ရှိသည်။

(ခ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးသည် မဲဆန္ဒနယ်တစ်နယ်၏ မဲစာရင်းမှ အခြားမဲဆန္ဒနယ် တစ်နယ်၏ မဲစာရင်းသို့ ခိုင်လုံသော အကြောင်း

ပြချက်ဖြင့် အမည်ပြောင်းရွှေ့လိုလျှင် သတ်မှတ်သည့်အတိုင်း သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲသို့ လျှောက်ထားနိုင်သည်။

(ဂ) မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည် စာရင်းပါဝင်ခြင်း မရှိစေရ။

၁၆။ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသည် မဲဆန္ဒနယ်အလိုက် ဆန္ဒမဲပေးပိုင်ခွင့် ရှိသူများ၏ အမည်စာရင်းကို ရွေးကောက်ပွဲမတိုင်မီ သတ်မှတ်ထားသည့်အတိုင်း ကြိုတင်ကြေညာရမည်။

၁၇။ (က) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးသည် သက်ဆိုင်ရာ မဲစာရင်းတွင် မိမိ၏ အမည်ပါဝင်ခြင်း မရှိလျှင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့ မိမိ၏အမည်ကို ထည့်သွင်းပေးရန် သတ်မှတ်ထားသည့် အတိုင်း တောင်းဆိုလွှာကို တင်သွင်းနိုင်သည်။

(ခ) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက အမည်စာရင်း ထည့်သွင်းပေးခြင်းမရှိခဲ့လျှင် သတ်မှတ်ထားသည့် အတိုင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အယူခံခွင့်ရှိသည်။ ယင်းကော်မရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်သည် ပုဒ်မ ၅၃ ပါ ပြဋ္ဌာန်းချက်မှ တစ်ပါး အပြီးအပြတ်ဖြစ်စေရမည်။

၁၈။ (က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတစ်ခု၏ မဲစာရင်းတွင် ဆန္ဒမဲပေးပိုင်ခွင့်မရှိသူ တစ်ဦး၏ အမည်ပါဝင်နေကြောင်း ယင်းမဲစာရင်း၌ပါဝင်သူတစ်ဦးက ကန့်ကွက်လိုလျှင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့ သတ်မှတ်ထားသည့် အတိုင်း ကန့်ကွက်လွှာတင်သွင်းနိုင်သည်။

(ခ) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက ယင်းအမည်ကို မဲစာရင်းမှ ပယ်ဖျက်ပေးခြင်းမရှိခဲ့လျှင် သတ်မှတ်ထားသည့်အတိုင်း မြို့နယ်ကော်မရှင် အဖွဲ့ခွဲသို့ အယူခံခွင့်ရှိသည်။ ယင်းကော်မရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်သည် ပုဒ်မ ၅၃ ပါ ပြဋ္ဌာန်းချက်မှ တစ်ပါးအပြီးအပြတ်ဖြစ်စေရမည်။

(ဂ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၌ အယူခံမှုမပြီးပြတ်သေးသော်လည်း မဲစာရင်းတွင် အမည် ပါရှိပြီးဖြစ်သောသူအား မဲမပေးရဟု တားမြစ်ခွင့် မရှိစေရ။ ယင်းအခွင့်အရေးအရ ပေးပြီး ဖြစ်သော ဆန္ဒမဲသည်လည်း တရားဝင်ဖြစ်စေရမည်။

၁၉။ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲ အသီးသီးတို့သည် မဲစာရင်းပြုစုရာတွင် –

(က) မဲစာရင်းတွင် ပါဝင်ခွင့်ရှိလျက်နှင့် ပါဝင်ခြင်းမရှိကြောင်း တွေ့ရှိလျှင် ထိုအမည်များကို နောက်ဆက်တွဲမဲစာရင်းတွင် ထည့်သွင်းရမည်။

(ခ) မဲစာရင်းတွင် ပါဝင်ခွင့်မရှိဘဲ ပါဝင်ကြောင်း တွေ့ရှိလျှင် ထိုအမည်များကို မဲစာရင်းမှ ပယ်ဖျက်ရမည်။

၂၀။ မဲစာရင်းများကို သတ်မှတ်ထားသော ဦးစီးဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်က သတ်မှတ် ထားသည့်အတိုင်း ထိန်းသိမ်းရမည်။

၂၁။ လွှတ်တော်သက်တမ်း တစ်ခုအတွင်း မဲဆန္ဒနယ် တစ်နယ်၌ အကြောင်းတစ်စုံတစ်ရာကြောင့် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပရန်ရှိလျှင် မူလမဲစာရင်းကို အခြေခံ၍ကြေညာခြင်း၊ ဖြည့်စွက်ခြင်း၊ နုတ်ပယ်ခြင်းနှင့် ပြင်ဆင်ခြင်းတို့ကို ပုဒ်မ ၁၄၊ ပုဒ်မ ၁၅ နှင့် ပုဒ်မ ၁၆ တို့တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဆောင်ရွက်ရမည်။

## အခန်း (၇)

## လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်း၊ ကြေညာခြင်းနှင့် ရွေးကောက်ပွဲ ကိုယ်စားလှယ်ခန့်ထားခြင်း

၂၂။ ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်လိုသူတစ်ဦးသည် နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းကော်မရှင်အဖွဲ့ခွဲ ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့ သတ်မှတ်ထားသည့်အတိုင်း အမည်စာရင်းတင်သွင်းလွှာကို တင်သွင်းရမည်။

၂၃။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် မဲဆန္ဒနယ်တစ်နယ်ထက်ပို၍ တစ်ပြိုင်တည်း အမည် စာရင်းတင်သွင်းခွင့် မရှိစေရ။

၂၄။ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသူ၏ အမည်စာရင်း တင်သွင်းလွှာသည် သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိ မရှိ၊ လက်ခံရန်သင့် မသင့်ကို သတ်မှတ် ထားသည့်အတိုင်း နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲက စိစစ်ရမည်။

၂၅။ ပုဒ်မ၂၄အရ နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းကော်မရှင်အဖွဲ့ခွဲ ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲက စိစစ်သည့် အချိန်တွင် -

(က) သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထား သူသည် မိမိတင်ပြလိုသော အထောက်အထားများကို တင်ပြခွင့်ရှိသည်။

(ခ) သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်း တင်သွင်းထားသူသည် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိကြောင်း သို့မဟုတ် ရွေးကောက် တင်မြှောက် ခံပိုင်ခွင့် အရည်အချင်းများနှင့် ပြည့်စုံခြင်း မရှိကြောင်းကို ထိုကိုယ်စားလှယ်လောင်း ရွေးကောက်ခံမည့် မဲဆန္ဒနယ်မှ ယှဉ်ပြိုင်ရွေးကောက်ခံသည့် ကိုယ်စားလှယ်လောင်း တစ်ဦးဦးက လုံလောက်သော အထောက်အထားများ တင်ပြ၍ သတ်မှတ်ထားသည့် အတိုင်း ကန့်ကွက်နိုင်သည်။

၂၆။ နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင် အဖွဲ့ခွဲသည် ပုဒ်မ ၂၄ အရ စိစစ်ပြီးနောက် အောက်ပါအမိန့် တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်း တင်သွင်းထားသူသည် သတ်မှတ်ချက်များနှင့် ညီညွတ်ပါက လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်တင်မြှောက် ခံပိုင်ခွင့်ရှိသူဖြစ်ကြောင်း သတ်မှတ်ကြေညာခြင်း၊

(ခ) သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်း တင်သွင်းထားသူ သည် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိပါက လွှတ်တော်ကိုယ်စားလှယ်လောင်း အဖြစ် ရွေးကောက်တင်မြှောက် ခံပိုင်ခွင့် မရှိသူဖြစ်ကြောင်း သတ်မှတ် ကြေညာခြင်း။

၂၇။ (က) ပုဒ်မ ၂၆ အရ ချမှတ်သော အမိန့်ကို မကျေနပ်သူသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ သတ်မှတ်ထားသည့် အတိုင်း အယူခံခွင့်ရှိသည်။

(ခ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင် အဖွဲ့ခွဲ၏ အဆုံးအဖြတ်သည် ပုဒ်မ ၅၃ ပါ ပြဋ္ဌာန်းချက်မှ တစ်ပါး အပြီးအပြတ်ဖြစ်စေရမည်။

၂၈။ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်း တင်သွင်းထားသူ တစ်ဦးသည် မိမိ၏ အမည်စာရင်းတင်သွင်းလွှာကို သတ်မှတ်ထားသည့်အတိုင်း ရုပ်သိမ်းခွင့်ရှိသည်။

၂၉။ ရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်း တင်သွင်းထားသူသည် သတ်မှတ်ထားသည့်အတိုင်း မိမိကိုယ်ကိုဖြစ်စေ၊ အခြား သူတစ်ဦးကိုဖြစ်စေ မိမိ၏ ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် ခန့်ထားရမည်။

၃၀။ (က) ဤဥပဒေအရ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက် ခံပိုင်ခွင့်အရည်အချင်းနှင့် ပြည့်စုံသူကိုသာလျှင် ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် ခန့်ထား ရမည်။ ယင်းသို့ ခန့်ထားရာတွင် ထိုသူ၏သဘောတူညီချက်ဖြင့် ခန့်ထားရမည်။

(ခ) ပုဒ်မခွဲ(က)အရ ခန့်ထားသည့် ရွေးကောက်ပွဲကိုယ်စားလှယ် နုတ်ထွက်လျှင်ဖြစ်စေ၊ ကွယ်လွန်လျှင်ဖြစ်စေ၊ ရွေးကောက်ပွဲ ကိုယ်စားလှယ် အဖြစ်မှ ရုပ်သိမ်းခံရလျှင် ဖြစ်စေ လွှတ်တော် ကိုယ်စားလှယ်လောင်းသည် ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် အခြားသူတစ်ဦးအား ခန့်ထားနိုင်သည်။

## အခန်း (၈)

## တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ

၃၁။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် အရည်အချင်းများနှင့် ပြည့်စုံပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင် သော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်စာရင်းကို သတ်မှတ်ထားသည့်

အရေအတွက်အတိုင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကော်မရှင်သို့ ပေးပို့လာသည့်အခါ ကော်မရှင်က ယင်းအမည်စာရင်းကို စိစစ်၍ အများပြည်သူသိရှိနိုင်ရန် ကြေညာရမည်။

၃၂။ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်း တင်သွင်းထားသော တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ် တစ်ဦးဦးသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းနေကြောင်း စိစစ်တွေ့ရှိလျှင် ကော်မရှင်သည် ထိုလွှတ်တော်ကိုယ်စားလှယ်အစား အခြား တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးဦး၏ အမည်စာရင်းကို အစားထိုးပေးပို့ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၃၃။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မိမိအမည်စာရင်း တင်သွင်းထားသော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးကို အစားထိုးပြောင်းလဲလိုကြောင်း ကော်မရှင်သို့ အကြောင်းကြားသည့်အခါ အစားထိုးပြောင်းလဲလိုသည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကို အများပြည်သူသိရှိနိုင်ရန် ကြေညာရမည်။ ထိုသို့ ကြေညာသည့်နေ့မှစ၍ ပြောင်းလဲခြင်းခံရသော မူလ လွှတ်တော်ကိုယ်စားလှယ်သည် လွှတ်တော်ကိုယ်စားလှယ် အဖြစ်မှ ရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည်။

## အခန်း (၉)

## ရွေးကောက်ပွဲကျင်းပခြင်း

၃၄။ ကော်မရှင်သည် -

(က) ရွေးကောက်ပွဲများကို ဖြစ်နိုင်သရွေ့ တစ်နေ့တည်းတွင် တစ်ပြိုင်နက်ကျင်းပရမည်။

(ခ) ရွေးကောက်ပွဲများကို ဖြစ်နိုင်သရွေ့ အများပြည်သူတို့၏ အလုပ်ပိတ်ရက်တွင် ကျင်းပ ရမည်။

(ဂ) ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်ကို ကြိုတင်၍ သတ်မှတ်ကြေညာရမည်။

၃၅။ အခန်း(၈)ပါလွှတ်တော်ကိုယ်စားလှယ်များမှအပ လွှတ်တော်ကိုယ်စားလှယ်များကို သက်ဆိုင်ရာ မဲဆန္ဒနယ်များတွင် နေထိုင်ကြသော ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူများက လျှို့ဝှက်ဆန္ဒမဲဖြင့် တိုက်ရိုက် ရွေးကောက် တင်မြှောက်ရမည်။

၃၆။ ကော်မရှင်သည် -

(က) ရပ်ကွက်နှင့် ကျေးရွာအုပ်စုအလိုက်ထားရှိမည့် မဲရုံအရေအတွက်ကို ဆန္ဒမဲ ပေးပိုင်ခွင့် ရှိသူဦးရေနှင့် ဒေသအခြေအနေကို မူတည်၍ သင့်လျော်သလို သတ်မှတ်နိုင်သည် သို့မဟုတ် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သို့လည်း တာဝန်ပေးအပ် နိုင်သည်။

(ခ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲများအား မဲရုံနေရာများ သတ်မှတ်ရန် တာဝန်ပေးအပ် နိုင်သည်။

၃၇။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသည် ယင်းသို့ မဲရုံများသတ်မှတ်ရာတွင် လွှတ်တော်တစ်ရပ်တည်း အတွက်သာ မဟုတ်ဘဲ အခြားလွှတ်တော်များ အတွက်ပါ ရွေးကောက်ပွဲများကို တစ်ပြိုင်တည်း ကျင်းပသဖြင့် တစ်ချိန်တည်းတွင် ဆန္ဒမဲပေးရန်ရှိပါက လွှတ်တော်တစ်ရပ်စီအတွက် သတ်မှတ်ထား သောမဲရုံများကို ကော်မရှင်၏ ညွှန်ကြားချက်နှင့်အညီ မဲရုံတစ်ရုံတည်းတွင် အခန်းများခွဲ၍ သတ်မှတ်ခြင်း နှင့် ဆောက်လုပ်စေခြင်းပြုနိုင်သည်။

၃၈။ မဲရုံများကို ဆောက်လုပ်ရာတွင် အများပြည်သူတို့ အလွယ်တကူလာရောက် ဆန္ဒမဲပေးနိုင်သော နေရာများ၌ ဆောက်လုပ်ပြီး လျှို့ဝှက်ဆန္ဒမဲပေးမှုကို မထိခိုက်စေရေးအတွက် လုံခြုံမှုရှိစေရန် စီစဉ်ထားရှိရမည်။ မဲရုံများ တည်ရှိသည့် နေရာကို အများပြည်သူတို့ သိရှိစေရန် ကြိုတင်ကြေညာရမည်။

၃၉။ သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မဲဆန္ဒနယ်အသီးသီးရှိ မဲရုံများကို ကြီးကြပ် ကွပ်ကဲရန် သတ်မှတ်ထားသည့်အတိုင်း မဲရုံအဖွဲ့များကို ဖွဲ့စည်းရမည်။ ယင်းသို့ ဖွဲ့စည်းရာတွင် -

(က) နိုင်ငံ့ဝန်ထမ်းများထဲမှ သင့်လျော်သူများကို မဲရုံမှူးများအဖြစ် ခန့်အပ်ရမည်။

(ခ) မဲရုံအဖွဲ့များကို ဖြစ်နိုင်သရွေ့ နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံ အများပြည်သူတို့၏ ယုံကြည်လေးစားခြင်းခံရပြီး မဲစာရင်းတစ်ခုခုတွင် ပါရှိသော နိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ များဖြင့် သတ်မှတ်ထားသည့်အတိုင်း ဖွဲ့စည်းတာဝန် ပေးအပ်ရမည်။

(ဂ) မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဤဥပဒေ၊ နည်းဥပဒေများ နှင့်အညီ သတ်မှတ်ပေးရမည်။

၄၀။ လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးသည် ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် မိမိရွေးကောက်တင်မြှောက်ခံမည့် မဲဆန္ဒနယ်အတွင်းရှိ မဲရုံအသီးသီး၌ မိမိကိုယ်စားဆောင်ရွက်နိုင်ရန် မဲရုံကိုယ်စားလှယ်တစ်ဦးနှင့် အကူကိုယ်စားလှယ်တစ်ဦးစီတို့ကို သတ်မှတ်ထားသည့်အတိုင်း ခန့်ထား နိုင်သည်။ ယင်းမဲရုံကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ်တို့သည် မဲစာရင်း တစ်ခုခုတွင် ပါရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ဖြစ်စေရမည်။

၄၁။ (က) မဲဆန္ဒနယ် တစ်နယ်တွင် ရွေးကောက်တင်မြှောက်ခံမည့် လွှတ်တော် ကိုယ်စားလှယ်လောင်း တစ်ဦးတည်းသာရှိလျှင် ယင်းမဲဆန္ဒနယ် အတွက် ရွေးကောက်ပွဲကျင်းပခြင်းမပြုတော့ဘဲ ထိုပုဂ္ဂိုလ်အား လွှတ်တော် ကိုယ်စားလှယ် ဖြစ်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကော်မရှင်အဖွဲ့ခွဲက ကြေညာရမည်။

(ခ) မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးထက် ပို၍ရှိခဲ့လျှင် မဲပုံး နှင့် ဆန္ဒမဲလက်မှတ်များကို နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့်အတိုင်း ပြုလုပ် စီစဉ်၍ ဆန္ဒမဲပေးစေရမည်။

၄၂။ (က) ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံများကို နံနက် ၆ နာရီမှ ညနေ ၄ နာရီ အထိ ဖွင့်လှစ်ထားရမည်။ သို့ရာတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အားလုံး ဆန္ဒမဲ ပေးပြီးပါက မဲရုံများကို ညနေ ၄ နာရီထက်စော၍ ပိတ်နိုင်သည်။

(ခ) မဲရုံကို ညနေ ၄နာရီတိတိအချိန်တွင် ပိတ်သည့်အခါ မဲရုံမပိတ်မီ ထိုမဲရုံပရိဝုဏ် အတွင်း၌ ဆန္ဒမဲပေးရန် ရောက်ရှိနေသူများအနက် ဆန္ဒမဲမပေးရသေးသူများ ရှိပါက ယင်းတို့ကို စာရင်းကောက်ယူ၍ ထိုစာရင်းတွင်ပါသူများကိုသာလျှင် ဆန္ဒမဲပေးချိန် ကျော်လွန်ပြီး ဖြစ်စေကာမူ ဆန္ဒမဲပေးခွင့် ပြုရမည်။

၄၃။ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့်ဆန္ဒမဲပေးသူများမှအပ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် သက်ဆိုင်ရာ မဲရုံအသီးသီး၌ ဆန္ဒမဲလက်မှတ်များကို ကိုယ်တိုင် လာရောက်ထုတ်ယူပြီး လျှို့ဝှက်ဆန္ဒပြု၍ သက်ဆိုင်ရာ မဲပုံးအတွင်းသို့ ကိုယ်တိုင်ထည့်ရမည်။ မည်သူမျှ ကိုယ်စားလှယ်စေလွှတ်၍ ဆန္ဒမဲပေးခြင်း မပြုရ။

၄၄။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးသည် ရွေးကောက်ပွဲတစ်ခုတွင် လွှတ်တော်သို့ ရွေးကောက်ခံသော လွှတ်တော်ကိုယ်စားလှယ်လောင်းများအနက် မိမိဆန္ဒပြု လိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦး အတွက် ဆန္ဒမဲတစ်မဲသာ ပေးခွင့်ရှိသည်။ တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲ ပေးခွင့်မရှိစေရ။

၄၅။ (က) သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပသို့ ရောက်နေသော တပ်မတော်သားများ၊ ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများနှင့် ဆေးရုံသို့တက်ရောက်ကုသနေသူများသည် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့်

သက်ဆိုင်ရာ မဲဆန္ဒနယ်အတွက် ဆန္ဒမဲပေးနိုင်ရန် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက စီစဉ်ပေးရမည်။

(ခ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးသည် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မိမိအမည်စာရင်း ပါရှိသော မဲဆန္ဒနယ်မှကျော်လွန်၍ ခရီးဝေး သွားလာရန်ရှိလျှင် ကြိုတင်ဆန္ဒမဲ လက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရန် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲက စီစဉ်ပေးရမည်။

(ဂ) မဲဆန္ဒနယ်အတွင်းရှိနေသော်လည်း အောက်ပါအကြောင်း တစ်ခုခုကြောင့် မဲရုံသို့ ကိုယ်တိုင်လာရောက်ဆန္ဒမဲ မပေးနိုင်သူများသည် ဆန္ဒမဲ ပေးလိုလျှင် ကြိုတင်ဆန္ဒမဲ လက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရန် သတ်မှတ်ထားသည့်အတိုင်း သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲက စီစဉ်ပေးရမည် -

(၁) အနာကြီးရောဂါစွဲကပ်နေခြင်း၊

(၂) ရောဂါဝေဒနာပြင်းထန်စွာခံစားနေရခြင်း၊

(၃) အသက်အရွယ်ကြီးရင့်နေခြင်း၊

(၄) သားဖွားနေခြင်း၊

(၅) ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်းတွင် အချုပ်ခံနေရခြင်း၊

(၆) ဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူနေရခြင်း၊

(၇) နိုင်ငံ့ဝန်ထမ်း သို့မဟုတ် တပ်မတော်သား သို့မဟုတ် ရဲတပ်ဖွဲ့ဝင် တစ်ဦးသည် မဲစာရင်းပါရှိရာဒေသမှကျော်လွန်၍ ယာယီတာဝန် သွားရောက် ထမ်းဆောင်ရခြင်း။

(ဃ) ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်တွင် မိမိကိုယ်တိုင် ရေးသွင်းရန် အခက်အခဲရှိသူများအတွက် ဆန္ဒပြုရမည့် နည်းလမ်းကို နည်းဥပဒေများဖြင့် သတ်မှတ် ပေးရမည်။

၄၆။ ပုဒ်မ ၄၅ ၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ) ၊ ပုဒ်မခွဲငယ် (၇)ပါ မဲဆန္ဒရှင်များမှအပ အခြားဒေသရှိ စီမံကိန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းတစ်ခုခုတွင် သွားရောက်အလုပ်လုပ်ကိုင်လျက် ရှိကြသော မဲဆန္ဒနယ် ပြင်ပရောက် နိုင်ငံ့ဝန်ထမ်းများ အပါအဝင် အခြားမဲဆန္ဒရှင်များနှင့် အကြောင်းအမျိုးမျိုးကြောင့် မဲဆန္ဒနယ်ပြင်ပသို့ ရောက်ရှိနေကြသော မဲဆန္ဒရှင်များ၏ ဆန္ဒမဲပေးပိုင်ခွင့် ရရှိစေရေးအတွက် -

(က) ယင်းတို့သည် အမြဲတမ်းနေရပ်ရှိ မဲစာရင်းဖြင့် ထိုမဲဆန္ဒနယ် အသီးသီးတွင်ရွေးကောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်း များကို မဲပေးလိုပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(၁) မိမိတို့၏အမြဲတမ်းနေရပ်သို့သွားရောက်ပြီး ရွေးကောက်ပွဲ ကျင်းပသည့်နေ့ မတိုင်မီ သတ်မှတ်ရက်အတွင်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ၌ ကြိုတင်ဆန္ဒမဲပေးခြင်း၊

(၂) ရွေးကောက်ပွဲကျင်းပသည့်နေ့၌ မိမိ၏ အမြဲတမ်းနေရပ်ရှိ သတ်မှတ်ထားသည့် မဲရုံတွင် ကိုယ်တိုင် သွားရောက် ဆန္ဒမဲပေးခြင်း။

(ခ) ယင်းတို့သည် မိမိတို့၏ အမြဲတမ်းနေရပ်သို့ သွားရောက်ပြီး မဲပေးလိုခြင်းမရှိပါက မိမိတို့ရောက်ရှိနေသော မဲဆန္ဒနယ်တွင် ရွေးကောက်ခံသော လွှတ်တော်ကိုယ်စား လှယ်လောင်းများကို ဆန္ဒမဲပေးနိုင်ခွင့် ရရှိစေရန် ယင်းတို့အတွက် မဲစာရင်း ထည့်သွင်းခြင်း၊ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးခြင်း၊ မဲရုံတွင် ဆန္ဒမဲ

လက်မှတ်ဖြင့် ဆန္ဒမဲပေးခြင်းတို့ကို သတ်မှတ်ထားသည့် နည်းလမ်း အတိုင်း ဆောင်ရွက်ပေးရမည်။

၄၇။ (က) ရွေးကောက်ပွဲ ကျင်းပသည့်အချိန်၌ နိုင်ငံပြင်ပတွင် ရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏သံအဖွဲ့ဝင်များနှင့် အိမ်ထောင်စုဝင်များ၊ သံရုံးအဖွဲ့ဝင်များနှင့် အိမ်ထောင်စုဝင်များ၊ ပညာတော်သင်များနှင့် အိမ်ထောင်စုဝင်များ၊ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အိမ်ထောင်စုဝင်များ၊ ပြည်ထောင်စု အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိ နေသူများနှင့် အိမ်ထောင်စုဝင်များက သက်ဆိုင်ရာ မဲဆန္ဒနယ်များ အတွက် ကြိုတင်၍ ဆန္ဒမဲပေးနိုင်ရန် ကော်မရှင်က စီစဉ်ပေးရမည်။

(ခ) နိုင်ငံပြင်ပတွင် ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများက ကြိုတင်၍ ဆန္ဒမဲပေးနိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ယူ ဆက်သွယ် ဆောင်ရွက် ပေးရမည်။

## အခန်း (၁၀)

## ဆန္ဒမဲရေတွက်ခြင်းနှင့် အတည်ပြုကြေညာခြင်း

၄၈။ (က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် မိမိနှင့် သက်ဆိုင်သော မဲရုံအသီးသီးအတွက် ပုဒ်မ ၄၅၊ ပုဒ်မခွဲ(ခ)၊ (ဂ)နှင့် ပုဒ်မ ၄၆ တို့အရ ဆန္ဒပြုထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များနှင့် ဆန္ဒပြုခဲ့သော မဲဆန္ဒရှင် အမည် စာရင်းတို့ကို ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် မဲရုံမဖွင့်မီ သက်ဆိုင်ရာ မဲရုံမှူး၏ လက်ဝယ်သို့ အရောက် ပေးပို့ရမည်။

(ခ) သက်ဆိုင်ရာ မဲရုံအလိုက် ဆန္ဒမဲပေးခြင်း ပြီးပြတ်လျှင်ပြီးပြတ်ချင်း မဲရုံမှူး ကိုယ်တိုင်ဖြစ်စေ၊ ယင်းက တာဝန်ပေးအပ်သော မဲရုံအဖွဲ့ဝင်က

ဖြစ်စေ မဲရုံတွင်ပင် မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အများပြည်သူတို့၏ ရှေ့မှောက်၌ ဆန္ဒမဲ လက်မှတ်များကို ရေတွက်ရမည်။ ဆန္ဒမဲများ ရေတွက်ရာတွင် ခိုင်လုံသောဆန္ဒမဲနှင့် မခိုင်လုံသော ဆန္ဒမဲများကို နည်းဥပဒေများနှင့်အညီ ခွဲခြား၍ ရေတွက်ရမည်။ မဲရုံမှူးသည် ရေတွက်ရရှိသော ဆန္ဒမဲအရေအတွက်ကို သတ်မှတ်သည့်အတိုင်း ဆန္ဒမဲ စာရင်းဇယားများပြုစုပြီး ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။ မိတ္တူတစ်စောင်ကို မြို့နယ် ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။

(ဂ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် မိမိနယ်မြေ အတွင်းရှိ မဲရုံမှူးများက ပြုစုထားသော ဆန္ဒမဲစာရင်း ဇယားများကို သတ်မှတ်ထားသည့်အတိုင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အချိန်မီ ရောက်ရှိစေရန် အမြန်ဆုံးပေးပို့ရေး အတွက် လိုအပ်သလို ကြီးကြပ် ဆောင်ရွက်ရမည်။

(ဃ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသည် ရွေးကောက်ပွဲကျင်းပသည့်နေ့ ညနေ ၄ နာရီ မတိုင်မီ မိမိလက်ဝယ်သို့ ရောက်ရှိနေသော ပုဒ်မ ၄၅၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၄၇ တို့အရ ဆန္ဒပြုထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် အများ ပြည်သူတို့၏ ရှေ့မှောက်၌ရေတွက်ပြီး သက်ဆိုင်ရာ ဆန္ဒမဲစာရင်း ဇယားများကို သတ်မှတ်ထားသည့် အတိုင်း လွှတ်တော်မဲဆန္ဒနယ် တစ်နယ်စီ အတွက် ပေါင်းရုံး စုစည်းရမည်။

၄၉။ (က) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မဲဆန္ဒနယ်တစ်နယ်တွင် ရွေးကောက် တင်မြှောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးထက်ပို၍ ရှိခဲ့လျှင် ယင်းလွှတ်တော် ကိုယ်စားလှယ်လောင်း အသီးသီးရရှိသည့် ခိုင်လုံသောဆန္ဒမဲအရေအတွက်ကို ကြေညာရမည်။ ခိုင်လုံသောဆန္ဒမဲ

အများဆုံးရရှိသူကို ရွေးကောက်တင်မြှောက်ခံရသူ အဖြစ် သတ်မှတ်ကြေညာနိုင်ရန်လည်းကောင်း၊ အများဆုံးရရှိသည့် ခိုင်လုံသောဆန္ဒမဲအရေအတွက်တူညီနေလျှင် ရွေးကောက်ပွဲ ထပ်မံကျင်းပနိုင်ရေးအတွက်လည်းကောင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ အမြန်တင်ပြရမည်။ မိတ္တူကို နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းကော်မရှင်အဖွဲ့ခွဲ ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသည် ပုဒ်မခွဲ (က)နှင့်အညီ ပေးပို့သည့်စာရင်းများအရ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသောပုဂ္ဂိုလ်၏အမည်ကို ကြေညာရမည်။

(ဂ) လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးထက်ပို၍ ယှဉ်ပြိုင်သော ရွေးကောက်ပွဲ၌ အများဆုံးရရှိသည့် ခိုင်လုံသော ဆန္ဒမဲ အရေအတွက် တူညီနေကြောင်း ပုဒ်မခွဲ (က) အရ တင်ပြချက်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲက စိစစ်ပြီး မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ ကော်မရှင်သို့ တင်ပြရမည်။ ရွေးကောက်ပွဲ ထပ်မံကျင်းပပေးရန် ကော်မရှင်ကညွှန်ကြားလျှင် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့သည် ဤဥပဒေနှင့်အညီ ရွေးကောက်ပွဲကို ထပ်မံကျင်းပပေးရမည်။ ယင်းသို့ ထပ်မံကျင်းပသော ရွေးကောက်ပွဲ၌ ထိုဆန္ဒမဲတူညီနေသူများသာလျှင် ယှဉ်ပြိုင်ရွေးကောက်ခံပိုင်ခွင့် ရှိသည်။

## အခန်း(၁၁)

## ကော်မရှင်၏လုပ်ပိုင်ခွင့်များ

၅၀။ ကော်မရှင်သည် -

(က) သဘာဝဘေးအန္တရာယ်တစ်ခုခုကြောင့် ရွေးကောက်ပွဲ မကျင်းပနိုင်သော မဲဆန္ဒနယ်များတွင် ယင်းဘေးအန္တရာယ်ကင်းရှင်းပြီးသည်အထိ ရွေးကောက်ပွဲကိုရွှေ့ဆိုင်းနိုင်သည်။

(ခ) မဲဆန္ဒနယ် တစ်နယ်၌ ရွေးကောက်ပွဲ ကျင်းပရေးအတွက် မဲစာရင်း ပြုစုရန်သော်လည်းကောင်း၊ ဆန္ဒမဲပေးရန်သော် လည်းကောင်း လုံခြုံမှုအခြေအနေမရှိလျှင် ယင်းမဲဆန္ဒနယ်အတွက် ရွေးကောက်ပွဲကို ရွှေ့ဆိုင်းနိုင်သည်။

(ဂ) လွှတ်တော်မဲဆန္ဒနယ်တစ်နယ်တွင် ပါဝင်သော အချို့ဒေသများ၌ ရွေးကောက်ပွဲများ ကျင်းပရန် အခြေအနေရှိပြီး အချို့ဒေသများ၌ ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိလျှင် ရွေးကောက်ပွဲကျင်းပရန် အခြေအနေရှိသောဒေသများ၌ ရွေးကောက်ပွဲ ကျင်းပရန်သော် လည်းကောင်း၊ ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိသော ဒေသများ၌ ရွေးကောက်ပွဲကျင်းပခြင်း မပြုရန်သော်လည်းကောင်း၊ မဲရုံများကို လုံခြုံမှုရှိသော နေရာများသို့ ပြောင်းရွှေ့ကျင်းပရန်သော် လည်းကောင်း ဆုံးဖြတ်နိုင်သည်။ သို့ရာတွင်မဲစာရင်းအရ မဲဆန္ဒရှင် အားလုံး၏၅၁ ရာခိုင်နှုန်းက ဆန္ဒမဲပေးပြီးဖြစ်လျှင် ထမြောက်သော ရွေးကောက်ပွဲအဖြစ်သတ်မှတ်နိုင်သည်။လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကျင်းပရန် မဖြစ်နိုင်ဟု ကော်မရှင်ကယူဆလျှင် ယင်းမဲဆန္ဒနယ် တစ်နယ်လုံး၏ရွေးကောက်ပွဲကို ရွှေ့ဆိုင်းနိုင်သည်။

၅၁။ ရွေးကောက်ပွဲများ ရွှေ့ဆိုင်းခြင်း၊ မဲရုံများကို လုံခြုံမှုရှိသော နေရာများသို့ ပြောင်းရွှေ့ ကျင်းပခြင်းနှင့်စပ်လျဉ်းသည့် လုပ်ပိုင်ခွင့်ကို ကော်မရှင်က ကော်မရှင်အဖွဲ့ခွဲအသီးသီးသို့ သင့်လျော် သလို လွှဲအပ်နိုင်သည်။

၅၂။ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးသာရှိသည့် မဲဆန္ဒနယ် တစ်နယ်တွင် ရွေးကောက်ပွဲ မကျင်းပမီ ယင်းလွှတ်တော်ကိုယ်စားလှယ်လောင်း ကွယ်လွန်လျှင် ဖြစ်စေ၊ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ ယင်းမဲဆန္ဒနယ်အတွက် ရွေးကောက်ပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းသည့်အဆင့်မှစ၍ ပြန်လည် ဆောင်ရွက်ရမည်။

၅၃။ ရွေးကောက်ပွဲကိစ္စအတွက် ကော်မရှင်အဖွဲ့ခွဲအသီးသီး၏ ရွေးကောက်ပွဲ ဆိုင်ရာ ဆောင်ရွက်ချက်၊ ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ ကော်မရှင်သည် မိမိ၏ဆန္ဒအလျောက် သက်ဆိုင်ရာ အမှုတွဲ၊ စာရွက်စာတမ်းများကို တောင်းယူ ကြည့်ရှု၍ လိုအပ်သလို အဆုံးအဖြတ် ချမှတ်နိုင်သည်။ ယင်း ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

၅၄။ ကော်မရှင်သည် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပ နိုင်ရေးအတွက် လိုအပ်သလို ဆောင်ရွက်နိုင်သည်။

## အခန်း (၁၂)

## ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်များ

၅၅။ ရွေးကောက်ပွဲကိုယ်စားလှယ်သည် သက်ဆိုင်ရာ ရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်များကို သတ်မှတ်ထားသည့်အတိုင်း စနစ်တကျ ထိန်းသိမ်းထားရှိရမည်။ ယင်းကုန်ကျစရိတ်စာရင်းကို သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာ ကိုယ်ပိုင်

အုပ်ချုပ်ခွင့်ရတိုင်း ကော်မရှင်အဖွဲ့ခွဲ ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင် အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြရမည်။

၅၆။ ရွေးကောက်ပွဲအတွက် သုံးစွဲခွင့်ရှိသည့် အများဆုံးကုန်ကျစရိတ်သည် လည်းကောင်း၊ ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်လောင်း အတွက် အခကြေးငွေဖြင့် ဆောင်ရွက်ခွင့်ရှိသည့် လူဦးရေ သို့မဟုတ် ပစ္စည်းအရေအတွက်သည်လည်းကောင်း သတ်မှတ်သည့်အတိုင်းဖြစ်သည်။

## အခန်း (၁၃)

## ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများနှင့် ပြစ်ဒဏ်များ

၅၇။ မည်သူမဆို ရွေးကောက်ပွဲများတွင် ပုဂ္ဂိုလ်တစ်ဦး၏ ဆန္ဒမဲပေးပိုင်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်တို့ကို ကျင့်သုံးခြင်းမပြုနိုင်စေရန် အကြမ်းဖက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်သြဇာသုံးခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ လာဘ်ပေးခြင်း သို့မဟုတ် လာဘ်ယူခြင်းကို ပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်တစ်သိန်း ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၈။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ရန် အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးကို မတရားသဖြင့် ရရှိစေရန်သော်လည်းကောင်း၊ ယင်းအခွင့်အရေးကိုရရှိခဲ့ခြင်းအတွက် ကျေးဇူးတုံ့ပြန်သည့်အနေဖြင့်သော်လည်းကောင်း ငွေ၊ ပစ္စည်း၊ အစားအသောက်၊ ရာထူး၊ အလုပ်အကိုင် နေရာပြောင်းရွှေ့မှု သို့မဟုတ် အခြား

အခွင့်အရေး တစ်ခုခုကို အသုံးပြု၍လျက် လာဘ်ပေးခြင်း သို့မဟုတ် လာဘ်ယူခြင်း၊

(ခ) ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးကို လွတ်လပ်စွာ မကျင့်သုံးနိုင်စေရန် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးဦးကိုသော်လည်းကောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးဦးကိုသော်လည်းကောင်း ခြိမ်းခြောက်ခြင်း၊

(ဂ) လူမျိုးရေးကိုဖြစ်စေ၊ ဘာသာရေးကိုဖြစ်စေ အကြောင်းပြု၍ ဆန္ဒမဲပေးရန်သော် လည်းကောင်း၊ ဆန္ဒမဲမပေးရန်သော် လည်းကောင်း ပြောဆိုခြင်း၊ ဟောပြောခြင်း၊ ကြေညာချက် ထုတ်ပြန်ခြင်း သို့မဟုတ် ယင်းသို့ပြုလုပ်ရန် အားပေးလှုံ့ဆော်ခြင်း၊

(ဃ) ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ၊ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်း။

၅၉။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ရန် အားပေး ကူညီကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများက ထုတ်ပြန်ထားသောစာရင်း၊ အကြောင်းကြားစာ သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာ အခြားစာရွက်စာတမ်းများကို တမင်ကြံရွယ်ချက်ဖြင့် ဖျက်ဆီးခြင်း သို့မဟုတ် ဖတ်ရှု၍ မရစေရန် ပြုလုပ်ခြင်း၊

(ခ) မဲစာရင်းကိုသော်လည်းကောင်း၊ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲ လက်မှတ်ကိုသော်လည်းကောင်း၊ ယင်းတို့ကို ပေးပို့ရာတွင် အသုံးပြုသောစာအိတ် သို့မဟုတ် အထုပ်ကို သော်လည်းကောင်း

တမင်ကြံရွယ်ချက်ဖြင့် ဖျက်ဆီးခြင်း သို့မဟုတ် ယင်းတို့တွင် ရေးသွင်းထားချက်များကို ဖတ်ရှု၍ မရစေရန် ပြုလုပ်ခြင်း၊

(ဂ) ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို မသမာသော နည်းဖြင့် အခြားသူတစ်ဦးအားပေးခြင်း၊

(ဃ) ဆန္ဒမဲလက်မှတ်မှအပ အခြားပစ္စည်းတစ်ခုခုကို မဲပုံးအတွင်းသို့ ထည့်သွင်းခြင်း၊

(င) အသုံးပြုဆဲဖြစ်သော မဲပုံးကို အခွင့်အာဏာ မရရှိဘဲ ဖွင့်လှစ်ခြင်း သို့မဟုတ် ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို ဖျက်ဆီးခြင်း၊

(စ) ရွေးကောက်ပွဲတစ်ခုခုတွင် လွှတ်တော်မဲဆန္ဒနယ် တစ်နယ်ထက် ပိုသော မဲဆန္ဒနယ်များ အတွက် ဆန္ဒမဲပေးခြင်း၊

(ဆ) ရွေးကောက်ပွဲ တစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ် အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း၊

(ဇ) သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်း၊

(ဈ) ရွေးကောက်ပွဲကျင်းပနေစဉ် မဲရုံအတွင်းသို့ ဝင်ခွင့်မရှိဘဲ ဝင်ရောက်ခြင်း၊

(ည) အတုပြုလုပ်ထားသော ဆန္ဒမဲလက်မှတ် တစ်ခုခုကိုဖြစ်စေ၊ အများကို ဖြစ်စေ မဲပုံး အတွင်းသို့ ထည့်သွင်းခြင်း။

၆၀။ မည်သူမဆို ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တစ်ဦးဦးအား ဆန္ဒမဲပေးခြင်းမပြုနိုင်စေရန် နှောင့်ယှက်ကြောင်း သို့မဟုတ် နှောင့်ယှက်ရန်အားပေးကူညီကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား

တစ်နှစ် ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၁။ မည်သူမဆို ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် မဲရုံအတွင်း၌ဖြစ်စေ၊ မဲရုံမှ ကိုက် ၅၀၀ အကွာ အတွင်း၌ဖြစ်စေ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူအား တစ်နှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) မဲဆွယ်ခြင်း၊

(ခ) မဲဆန္ဒရှင်တစ်ဦးဦးအား လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးဦးကို ဆန္ဒမဲပေးရန် တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲမပေးရန် တိုက်တွန်းသွေးဆောင်ခြင်း၊

(ဂ) ရွေးကောက်ပွဲ၌ ဆန္ဒမဲပေးရန်သော်လည်းကောင်း၊ ဆန္ဒမဲမပေးဘဲ နေရန်သော် လည်းကောင်း တိုက်တွန်းသွေးဆောင်ခြင်း။

**ရှင်းလင်းချက်။** ဤပုဒ်မပါကိစ္စအလို့ငှာ အခြားနေရာများတွင် ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် ကြော်ငြာ၊ စာရွက်စာတမ်း စသည်တို့ ကပ်ထားခြင်းနှင့် ချိတ်ဆွဲထားခြင်းတို့ မပါဝင်။

၆၂။ မည်သူမဆို ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် ဆန္ဒမဲပေးရန် လာရောက်သူများ စိတ်ငြိုငြင်စေရန် သို့မဟုတ် မဲရုံတွင် တာဝန်ကျသော မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ဝတ္တရား ဆောင်ရွက်ခြင်းကို အနှောင့်အယှက် ဖြစ်စေရန် မဲရုံအတွင်း၌ဖြစ်စေ၊ မဲရုံမှ ကိုက် ၅၀၀ အတွင်း၌ဖြစ်စေ အသံချဲ့စက် အစရှိသော အသံကို ကျယ်အောင် ပြုလုပ်သည့် ကိရိယာတန်ဆာပလာ သုံးစွဲခြင်း၊ အော်ဟစ်ခြင်း အစရှိသော စည်းကမ်းမဲ့သည့် အပြုအမူကို ပြုလုပ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်

ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၃။ မည်သူမဆို မဲရုံတွင် ဆန္ဒမဲပေးရန် သတ်မှတ်ထားသော အချိန်နာရီအတွင်း မဲရုံ၌ မဖွယ်မရာသောအမှုကိုပြုခြင်း သို့မဟုတ် မဲရုံမှူးက မိမိ၏ တာဝန်ဝတ္တရား အရပေးသည့် အမိန့်ကို မနာခံခြင်းကြောင့် မဲရုံမှူး သို့မဟုတ် မဲရုံမှူး၏ အခွင့်အာဏာရ မဲရုံအဖွဲ့ဝင် တစ်ဦး၏ အမိန့်အရ တာဝန်ကျရဲတပ်ဖွဲ့ဝင် သို့မဟုတ် အခြားလုံခြုံရေးတာဝန်ရှိသူက မဲရုံမှဖယ်ရှားခံရ ပြီးနောက် မဲရုံမှူး၏ ခွင့်ပြုချက်မရရှိဘဲ မဲရုံသို့ ပြန်ဝင်လာကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား တစ်နှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက် မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၆၄။ မည်သူမဆို ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများနှင့် စပ်လျဉ်း၍ လိမ်လည် စွပ်စွဲတိုင်တန်းကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ် ရမည်။

၆၅။ (က) ဤအခန်းပါ ပြစ်မှုများကိုရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

(ခ) ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ မဲဆန္ဒနယ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တစ်ဦးဦးကဖြစ်စေ၊ လွှတ်တော် ကိုယ်စားလှယ်လောင်း သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ် တစ်ဦးဦးက ဖြစ်စေ၊ မဲဆန္ဒနယ်အတွက် တာဝန်ယူဆောင်ရွက်ရသော ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် မဲရုံအဖွဲ့တစ်ခုခုတွင် ပါဝင်သော အဖွဲ့ဝင် တစ်ဦးဦးကဖြစ်စေ သက်သေအထောက်အထား ခိုင်လုံစွာဖြင့် ရွေးကောက်ပွဲမကျင်းပမီသော်လည်းကောင်း၊ ရွေးကောက်ပွဲကျင်းပနေစဉ်

သော်လည်းကောင်း၊ ရွေးကောက်ပွဲကျင်းပသောနေ့မှ ၁၅ ရက် အတွင်း သော်လည်းကောင်း ဥပဒေနှင့်အညီ တိုင်တန်း လျှောက်ထား နိုင်သည်။

## အခန်း (၁၄)

## တရားမဲ့ပြုကျင့်မှုများ

၆၆။ အောက်ပါတို့သည် တရားမဲ့ပြုကျင့်မှုများဖြစ်သည် -

(က) လွှတ်တော်ကိုယ်စားလှယ်လောင်းကဖြစ်စေ၊ ယင်း၏ရွေးကောက်ပွဲ ကိုယ်စားလှယ်ကဖြစ်စေ၊ယင်းတို့တစ်ဦးဦး၏ သဘောတူညီချက်ဖြင့် အခြားသူ တစ်ဦးဦးက ဖြစ်စေ -

(၁) လာဘ်ပေး လာဘ်ယူမှု ပြုလုပ်ခြင်း၊

(၂) ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးကို အနှောင့်အယှက် ပြုလုပ်ခြင်း၊

(၃) သူတစ်ပါး အယောင်ဆောင်ခြင်း၊

(၄) မဟုတ်မမှန်ပြောဆိုကြေညာခြင်း၊

(၅) မဟုတ်မမှန်ဂန်ခံလက်မှတ်ရေးထိုးခြင်း။

(ခ) မဲဆန္ဒနယ်တစ်နယ်အတွင်း ရွေးကောက်ပွဲတွင် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း သို့မဟုတ် ရွေးကောက်ပွဲများကို တစ်ချိန်တည်း ကျင်းပစဉ် တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များအတွက် ဆန္ဒမဲပေးခြင်းဖြင့် မိမိလိုလားသော လွှတ်တော်ကိုယ်စား လှယ်လောင်းအား အကျိုးရှိစေခြင်း၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်က သော်လည်းကောင်း၊ ယင်း၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်ကသော်လည်းကောင်း ရွေးကောက်ပွဲ ဆိုင်ရာကုန်ကျစရိတ်နှင့် စပ်လျဉ်း၍ သတ်မှတ်ချက်နှင့်

မညီညွတ်သော အသုံးစရိတ်များ ကျခံသုံးစွဲခြင်း သို့မဟုတ် ယင်းသို့ ကျခံသုံးစွဲရန် သဘောတူညီခြင်း၊

(ဃ) ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်ငွေစာရင်းများကို ရွေးကောက်ပွဲ ကိုယ်စားလှယ်က သတ်မှတ်ထားသည့်အတိုင်း ရေးမှတ်ထားရန် ပျက်ကွက်ခြင်း၊

(င) လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်၏ တိုက်တွန်းချက်ဖြင့်သော်လည်းကောင်း၊ သဘောတူညီချက်ဖြင့်သော်လည်းကောင်း-

(၁) လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ရန် သို့မဟုတ် မပါဝင်ဘဲ နေရန် သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ရန် ရည်ရွယ်ချက် ဖြင့်ဖြစ်စေ၊ ကျေးဇူးတုံ့ပြန်ချက်ဖြင့် ဖြစ်စေ တစ်ဦးတစ်ယောက်သောသူက လာဘ်လာဘ လက်ခံခြင်း သို့မဟုတ် လာဘ်လာဘလက်ခံရန် သဘောတူခြင်း၊

(၂) ဆန္ဒမဲပေးရန် သို့မဟုတ် ဆန္ဒမဲမပေးဘဲနေရန် မဲဆန္ဒရှင် တစ်ဦးဦးကို သွေးဆောင်ရန် ဖြစ်စေ၊ သွေးဆောင်လိုသဖြင့် အားထုတ်ရန်ဖြစ်စေ တစ်ဦးတစ်ယောက် သောသူက မိမိအတွက် သို့မဟုတ် သူတစ်ပါးအတွက် လာဘ်လာဘ လက်ခံရန် သဘောတူခြင်း။

(စ) မမှန်မကန်ပြုလုပ်ထားသော ရွေးကောက်ပွဲဆိုင်ရာကုန်ကျစရိတ် ငွေစာရင်းကို တင်ပြခြင်း သို့မဟုတ် ထိုကဲ့သို့ ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ် ငွေစာရင်းကို မှန်ကန် သည်ဟု ဝန်ခံခြင်း သို့မဟုတ် သတ်မှတ်ထားသည့်အတိုင်း တင်သွင်းရန် ပျက်ကွက်ခြင်း၊

(ဆ) လွှတ်တော်ကိုယ်စားလှယ်လောင်းမဟုတ်သော သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်မဟုတ်သော အခြားသူတစ်ဦးဦးက ယင်းလွှတ်တော်ကိုယ်စားလှယ်လောင်း၏ ခွင့်ပြုချက်မရှိဘဲ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခံရစေရန် ဖြစ်စေ၊ ရွေးကောက်တင်မြှောက်ခံရရေးအတွက် အားပေးလိုသော ကြောင့်ဖြစ်စေ အစည်းအဝေးကျင်းပ၍ သော်လည်းကောင်း၊ စာရွက်စာတမ်းများ ဝေ၍သော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့် သော်လည်းကောင်း ငွေအကုန် အကျခံခြင်း သို့မဟုတ် ကုန်ကျရန် ခွင့်ပြုခြင်း၊

(ဇ) ပုံနှိပ်သူ၊ ထုတ်ဝေသူတို့၏ အမည်၊ နေရပ်မပါရှိသော ရွေးကောက်ပွဲနှင့် သက်ဆိုင် သည့်ကြော်ငြာ၊ စာရွက်စာတမ်း၊ ပိုစတာ စသည်တို့ကို ဖြန့်ချိထုတ်ဝေ ခြင်းဖြင့် မိမိ လိုလားသော လွှတ်တော်ကိုယ်စားလှယ်လောင်းအား အကျိုးရှိစေခြင်း၊

(ဈ) လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်၏ တိုက်တွန်းချက်ဖြင့်သော် လည်းကောင်း၊ သဘောတူညီချက် ဖြင့်သော်လည်းကောင်း မဲဆန္ဒရှင်က ဆန္ဒမဲ ပေးချိန်တွင် မိမိ၏ ဆန္ဒမဲလက်မှတ်ကို မဲရုံမှ အခြားသို့ ယူဆောင်သွားခြင်း၊

(ည) လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲကိုယ်စား လှယ်ကဖြစ်စေ၊ ယင်းတို့တစ်ဦးဦး၏ သဘောတူညီချက်အရ အခြားသူ တစ်ဦးက ဖြစ်စေ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး ရွေးကောက်တင်မြှောက်ခံရရေးအတွက် အကူအညီကို ဂန်ထမ်းတစ်ဦးဦးထံမှ ရယူခြင်း၊ ရယူရန်အားပေးကူညီခြင်း သို့မဟုတ် ရယူရန်အားထုတ်ခြင်း၊

(ဋ) လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး ရွေးကောက်တင်မြှောက်ခံရရေးအတွက် ဘာသာရေး အထိမ်းအမှတ်များကို ရွေးကောက်ပွဲတွင် အသုံးပြုခြင်း သို့မဟုတ် လူမျိုးကိုဖြစ်စေ၊ ကိုးကွယ်ရာဘာသာကို ဖြစ်စေအကြောင်းပြုမဲပေးကြရန် သို့မဟုတ် မဲမပေးဘဲနေကြရန် အစီအစဉ်ပြုလျက် လှုံ့ဆော်ခြင်း၊

(ဌ) လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး ရွေးကောက်တင်မြှောက်ခံရရေး အတွက် ပါတီတစ်ခုခုကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ အကြမ်းဖက်ခြင်း၊ မမှန်မကန် စွပ်စွဲခြင်း၊ ရေးသားခြင်း၊ အများပြည်သူ ဆူပူမှုဖြစ်အောင်ဖန်တီးခြင်း။

## အခန်း (၁၅)

## ရွေးကောက်တင်မြှောက်ခံရခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်ချက်များကို အဆုံးအဖြတ်ပေးခြင်း

၆၇။ ရွေးကောက်တင်မြှောက်ခံရခြင်းကို ကန့်ကွက်လိုပါက သတ်မှတ်ထားသော အခကြေးငွေ ပေးသွင်း၍ ဤအခန်းရှိ ပြဋ္ဌာန်းချက်များနှင့်အညီ တင်သွင်းသော ရွေးကောက်ပွဲ ကန့်ကွက်လွှာဖြင့် ကန့်ကွက်ရမည်။

၆၈။ (က) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူအား ကန့်ကွက်သော ကန့်ကွက်လွှာကို ယှဉ်ပြိုင်အရွေးခံသော မည်သည့် လွှတ်တော်ကိုယ်စားလှယ် လောင်းကမဆို သို့မဟုတ် မည်သည့် မဲဆန္ဒရှင်ကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံးဖြတ်ပြီးသည့် ကိစ္စရပ်များမှအပ ယင်းရွေးကောက်ပွဲ နှင့်စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကို ဖော်ပြပြီး ကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်း လျှောက်ထားနိုင်သည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် မိမိ၏ ကန့်ကွက်လွှာတွင် လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူအား ကန့်ကွက်ရာ၌ မိမိသာလျှင် မဲအများဆုံးရ၍ ရွေးကောက်တင်မြှောက်ခံရသူ ဖြစ်သည်ဟု ကြေညာစေရန် တောင်းဆိုလိုပါက အောက်ပါ အကြောင်းပြချက် တစ်ရပ်ရပ်ကို အခြေခံရမည် -

(၁) လျှောက်ထားသူသာလျှင် ခိုင်လုံသော မဲအများဆုံးရသည်မှာ အမှန် ဖြစ်သည် ဟူသော အကြောင်းပြချက်၊

(၂) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ ရရှိသော မဲများတွင်တရားမဲ့ပြုကျင့်မှုကြောင့် ရရှိသော မဲများမပါရှိခဲ့သော် လျှောက်ထား သူသည်သာ ခိုင်လုံသော မဲအများဆုံးကို ရရှိနိုင်သည် ဟူသော အကြောင်း ပြချက်။

၆၉။ (က) ကော်မရှင်သည် ရွေးကောက်ပွဲ ကန့်ကွက်လွှာများကို စစ်ဆေးရန် အောက်ပါ ရွေးကောက်ပွဲ ခုံအဖွဲ့များကို ဖွဲ့စည်းနိုင်သည် -

(၁) ကော်မရှင် အဖွဲ့ဝင်တစ်ဦးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ကျန်ကော်မရှင် အဖွဲ့ဝင် နှစ်ဦး ပါဝင်သော ရွေးကောက်ပွဲခုံအဖွဲ့၊

(၂) ကော်မရှင်အဖွဲ့ဝင်တစ်ဦးကဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ဥပဒေ ကျွမ်းကျင်သော သင့်လျော်သည့် နိုင်ငံသားနှစ်ဦးပါဝင်သော ရွေးကောက်ပွဲခုံအဖွဲ့။

(ခ) ရွေးကောက်ပွဲခုံအဖွဲ့ဝင်များသည် မည်သည့် နိုင်ငံရေးပါတီဝင်မျှ မဖြစ်စေရ။

(ဂ) ကော်မရှင်အဖွဲ့ဝင် မဟုတ်သော ရွေးကောက်ပွဲ ခုံအဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေကို ကော်မရှင်က သတ်မှတ်ပေးရမည်။

(ဃ) ရွေးကောက်ပွဲ ကန့်ကွက်လွှာနှင့် စပ်လျဉ်းသည့် အရေးယူဆောင်ရွက်ရန်ရှိသော ကိစ္စအားလုံးကို ရွေးကောက်ပွဲခုံအဖွဲ့များက စီမံဆောင်ရွက်ရမည်။

(င) မဲဆန္ဒနယ်တစ်နယ်တွင် ကျင်းပသော ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲ ကန့်ကွက်လွှာ တစ်စောင်ထက်ပိုပြီးတင်သွင်းလျှင် ကော်မရှင်သည် ထိုကန့်ကွက်လွှာ အားလုံးကို ယင်းမဲဆန္ဒနယ်အတွက် ဖွဲ့စည်းထားသော ရွေးကောက်ပွဲခုံအဖွဲ့ တစ်ဖွဲ့တည်းသို့သာ လွှဲအပ်ရမည်။ ထိုခုံအဖွဲ့သည် ထိုကန့်ကွက်လွှာများကိုခွဲ၍ ဖြစ်စေ၊ ပေါင်း၍ဖြစ်စေ မိမိတို့သဘောအတိုင်း စုံစမ်း စစ်ဆေးနိုင်သည်။

(စ) ခန့်ထားပြီးဖြစ်သော ရွေးကောက်ပွဲခုံအဖွဲ့ဝင် တစ်ဦးသည် ခုံအဖွဲ့ဝင်အဖြစ်ဖြင့် မဆောင်ရွက်နိုင်ခဲ့သော် သို့မဟုတ် စုံစမ်းစစ်ဆေးနေခိုက်တွင် ဆက်လက် မဆောင်ရွက်နိုင်ခဲ့သော် ကော်မရှင်သည် အဖွဲ့ဝင်သစ် တစ်ဦးကို အစားထိုးခန့်ထားရမည်။ ပြန်လည်ဖွဲ့စည်းသော ထိုခုံအဖွဲ့သည် စုံစမ်းစစ်ဆေးဆဲဖြစ်သော ကန့်ကွက်လွှာကို အသစ်ပြန်လည်စစ်ဆေးလိုက စစ်ဆေးနိုင်သည်။

၇၀။ ရွေးကောက်ပွဲ ကန့်ကွက်လွှာများကို စိစစ်ကြားနာရာတွင် ရွေးကောက်ပွဲခုံအဖွဲ့သည် လိုအပ်ပါက ရှေ့နေချုပ်ကို ရုံးတော်သဟာယအဖြစ် ဖိတ်ကြား၍ ဥပဒေအကြံဉာဏ်များ တောင်းခံနိုင်သည်။ ရှေ့နေချုပ်သည် မိမိကိုယ်တိုင် ခုံအဖွဲ့သို့ မလာရောက်နိုင်ပါက မိမိကိုယ်စား ဆောင်ရွက်စေရန် ရှေ့နေချုပ်ရုံးမှ သင့်လျော်သော ဥပဒေအရာရှိအဆင့် (၁) အောက်မနိမ့်သည့် ပုဂ္ဂိုလ်အား ခုံအဖွဲ့သို့ စေလွှတ် ဆောင်ရွက်စေနိုင်သည်။

၇၁။ ရွေးကောက်တင်မြှောက်ခံရသူတစ်ဦးသည် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း တွေ့ရှိလျှင် ယင်းအား လွှတ်တော်ကိုယ်စားလှယ်အဖြစ်

ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်း ရွေးကောက်ပွဲခုံအဖွဲ့က ဆုံးဖြတ်နိုင်သည် –

(က) ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်သည် တရားမဲ့ပြုကျင့် မှုများဖြင့် မဲအများဆုံးကို ရယူခဲ့သည်ဟု လည်းကောင်း၊ ထိုနည်းဖြင့်ပင် သွေးဆောင်၍ ရယူခဲ့သည်ဟု လည်းကောင်း၊ ရွေးကောက်ပွဲအနိုင်အရှုံးသည် တရားမဲ့ပြုကျင့်မှု များကြောင့်သာ ဖြစ်ရသည်ဟု လည်းကောင်း ပေါ်လွင်ထင်ရှားခြင်း၊

(ခ) ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်၏ အကျိုးငှာ တရားမဲ့ ပြုကျင့်မှုတစ်ခုခုကို ပြုကြောင်း ပေါ်လွင် ထင်ရှားခြင်း၊

(ဂ) လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲမဟုတ်ကြောင်းပေါ်လွင် ထင်ရှားခြင်း၊

(ဃ) လာဘ်ပေးလာဘ်ယူမှုပြုခြင်း၊ ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးများ ကို နှောင့်ယှက် ခြင်းတို့ကြောင့် လွတ်လပ်စွာ မဲပေးနိုင်ခွင့်ရှိသော ရွေးကောက်ပွဲမဟုတ်ကြောင်း ပေါ်လွင်ထင်ရှားခြင်း၊ ယင်းသို့ ပြုလုပ်မှုများကြောင့် ရွေးကောက်တင်မြှောက်ခံရကြောင်း ပေါ်လွင် ထင်ရှားခြင်း၊

(င) ပုဒ်မ ၁၀၊ ပုဒ်မခွဲ (စ)၊ (ဆ)၊ (ဇ)၊ (ဈ) သို့မဟုတ် (ဌ)ပါ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်၏ အဖွဲ့အစည်းဝင်ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားခြင်း။

၇၂။ (က) ရွေးကောက်ပွဲခုံအဖွဲ့သည် ကန့်ကွက်ချက်များကို စစ်ဆေးပြီးသော အခါ လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက် ခံထားရသူကိုဖြစ်စေ၊ ရွေးကောက်ပွဲ ကန့်ကွက်လွှာတင်၍ မိမိကိုသာ ရွေးကောက်တင်မြှောက်ခံရသူအဖြစ် ကြေညာထိုက်ကြောင်း လျှောက်ထားသူကိုဖြစ်စေ လွှတ်တော်ကိုယ်စားလှယ်အဖြစ်

ရွေးကောက်တင်မြှောက်ခံထားရသူ ဖြစ်သည် မဖြစ်သည်ကို ကော်မရှင်သို့ အစီရင်ခံရမည်။

(ခ) ရွေးကောက်ပွဲ ခုံအဖွဲ့ဝင် အားလုံးသည် မိမိတို့၏ ဆုံးဖြတ်ချက်ပါရှိသော အစီရင်ခံစာကို လက်မှတ်ရေးထိုး၍ ကော်မရှင်သို့ ဆောလျင်စွာ တင်သွင်းရမည်။

၇၃။ ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်သည် ယင်း၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်မဟုတ်သော အခြားပုဂ္ဂိုလ်တစ်ဦးဦး၏ ပယောဂကြောင့် တရားမဲ့ပြုကျင့်မှု တစ်ခုခု အတွက် အပြစ်ရှိသည်ဟု ရွေးကောက်ပွဲ ခုံအဖွဲ့က အစီရင်ခံရာတွင် အောက်ပါအကြောင်း တစ်ရပ်ရပ်ပေါ်ပေါက်ကြောင်း ထင်မြင်ယူဆပါက ထိုလွှတ်တော်ကိုယ်စားလှယ်အား ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် မပျက်ပြယ်ဟု ကော်မရှင်က ဆုံးဖြတ်နိုင်သည် -

(က) လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ယင်း၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်တို့၏ သဘောတူခွင့်ပြုချက်မရှိဘဲ ကျူးလွန်ခဲ့သော တရားမဲ့ပြုကျင့်မှုဖြစ်ခြင်း၊

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ယင်း၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်တို့သည် ရွေးကောက်ပွဲကျင်းပရာတွင် တရားမဲ့ ပြုကျင့်မှုများကို မပြုစေရန် တတ်အားသရွေ့ တားဆီးဆောင်ရွက် ခဲ့ခြင်း၊

(ဂ) တရားမဲ့ပြုကျင့်မှုများသည် ရွေးကောက်ပွဲကို ထိခိုက်ခြင်းမရှိသော သေးနုပ်အရာ မရောက်သည့် ပြုကျင့်မှုဖြစ်ခြင်း၊

(ဃ) ရွေးကောက်ပွဲသည် လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ယင်း၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်များ၏ တရားမဲ့ပြုကျင့်မှု ကင်းရှင်းသည်ဟု ပေါ်ပေါက်ခြင်း။

၇၄။ (က)* ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်တစ်ခုခုကို မကျေနပ်သည့် လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူ အဖြစ်ပါဝင်ခဲ့သူသည် သတ်မှတ် ထားသည့်ကာလအတွင်း သတ်မှတ် ထားသည့် နည်းလမ်းအတိုင်း ကော်မရှင်သို့ အယူခံမှု သို့မဟုတ် ပြင်ဆင်မှု လျှောက်ထားနိုင်သည်။ ပြင်ဆင်မှု လျှောက်ထားရာ တွင် ဥပဒေရေးရာ ပြဿနာပေါ်ပေါက်မှသာ လျှောက်ထားခွင့် ရှိသည်။

(ခ) ပုဒ်မခွဲ(က)အရ လျှောက်ထားရန်သတ်မှတ်ထားသည့်ကာလအတွင်း ကော်မရှင်သို့ လျှောက်ထားမှုမရှိလျှင်ကော်မရှင်သည် ရွေးကောက်ပွဲ ခုံအဖွဲ့ သို့မဟုတ် ရွေးကောက်ပွဲ ခုံအဖွဲ့များ၏ဆုံးဖြတ်ချက်များကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန် ကြေညာရမည်။

၇၅။ (က) ပုဒ်မ ၇၄ အရ လျှောက်ထားချက်ကိုလက်ခံရရှိပါက ကော်မရှင်သည် လျှောက်ထားသူနှင့် လျှောက်ထားခံရသူအားဖြစ်စေ၊ ယင်းတို့၏ ရှေ့နေ သို့မဟုတ် ကိုယ်စားလှယ် အားဖြစ်စေ လိုအပ်သလို ကြားနာပြီး အောက်ပါ ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(၁) ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊

(၂) ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်ခြင်း။

(ခ) ပုဒ်မခွဲ (က) အရ ကော်မရှင်၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်သည်။ ယင်းဆုံးဖြတ်ချက်ကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန် ကြေညာရမည်။

၇၆။ ရွေးကောက်ပွဲခုံအဖွဲ့ဝင်များသည် အစီရင်ခံစာ တင်ပြရာ၌ဖြစ်စေ၊ ရွေးကောက်ပွဲ ကန့်ကွက်လွှာနှင့် စပ်လျဉ်းသော အခြားကိစ္စ တစ်ရပ်ရပ်ကို ဆောင်ရွက်ရာ၌ဖြစ်စေ သဘောထား ကွဲလွဲလျှင် အများစု၏ သဘောထား ဆန္ဒအတိုင်း ဆုံးဖြတ်ဆောင်ရွက်ရမည်။ သဘောထား ကွဲလွဲသည့် အဖွဲ့ဝင် ရှိလျှင်

---

* ၂၀၁၁ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် ပြင်ဆင်ထားသည့်အတိုင်း အစားထိုးထားပါသည်။

ယင်း၏ အကြောင်းပြချက် အကျဉ်းချုပ်ကို ထိုအစီရင်ခံစာတွင် ထည့်သွင်း ဖော်ပြ၍ လက်မှတ် ရေးထိုးခွင့်ရှိသည်။

၇၇။ ရွေးကောက်ပွဲခုံအဖွဲ့သည် အမှုစစ်ဆေးခြင်းကိစ္စနှင့် စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေအရ တရားရုံးသို့အပ်နှင်းထားသော အာဏာများကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။ ထို့ပြင် အရေးပါသော သက်သေခံချက်များကို ထွက်ဆိုနိုင်မည်ဟု ယူဆသော မည်သည့်ပုဂ္ဂိုလ်ကိုမဆို မိမိတို့၏ သဘောအတိုင်း ဆင့်ဆို၍ စစ်ဆေးနိုင်သည်။

၇၈။ ရွေးကောက်ပွဲ ခုံအဖွဲ့သည် ရွေးကောက်ပွဲကန့်ကွက်မှုများကို စစ်ဆေးရာတွင် သက်သေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။

၇၉။ မည်သည့်စာချုပ်စာတမ်းကိုမျှ သတ်မှတ်သည့်အတိုင်း တံဆိပ်ခေါင်း ပြည့်စုံစွာ ကပ်ထားခြင်းမရှိသော အကြောင်းကြောင့်သော်လည်းကောင်း၊ မှတ်ပုံတင်ခြင်းမပြုသောအကြောင်းကြောင့်သော် လည်းကောင်း သက်သေခံ အဖြစ်ဖြင့် လက်မခံဘဲမနေရ။

၈၀။ စုံစမ်းစစ်ဆေးရာတွင်ပေါ်ထွက်လျက်ရှိသည့် ငြင်းချက်များနှင့် စပ်လျဉ်း၍ မေးသော မေးခွန်းများကို သက်သေက ဖြေဆိုရမည်။ သို့ရာတွင် -

(က) ရွေးကောက်ပွဲ၌ မည်သူ့အား ဆန္ဒမဲပေးခဲ့သည်ကို ထုတ်ဖော် ပြောစေခြင်း မပြုရ။

(ခ) မေးခွန်းတစ်ရပ်ကို မဖြစ်မနေဖြေဆိုရခြင်းကြောင့် ထိုဖြေဆိုသူအား ဖြေဆိုချက်ကို အကြောင်းပြု၍ မုသားသက်သေ ထွက်ဆိုသည်ဟု တရားစွဲဆိုသော ပြစ်မှုမှအပ အခြား မည်သည့် ပြစ်မှုတွင်မျှ ထိုဖြေဆိုချက်ကို သက်သေခံအဖြစ် အသုံးမပြုရ။

၈၁။ ရွေးကောက်ပွဲခုံအဖွဲ့သို့ လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူ ကိုယ်တိုင်ဖြစ်စေ၊ ယင်းတို့ ကိုယ်စား ဆောင်ရွက်ရန် ခန့်ထားသော ရှေ့နေ

သို့မဟုတ် ကိုယ်စားလှယ်ဖြစ်စေ ရွေးကောက်ပွဲခုံအဖွဲ့ ရှေ့မှောက်သို့ လာရောက်ဆောင်ရွက်နိုင်သည်။ သို့ရာတွင် လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူ ကိုယ်တိုင်လာရောက်ရမည်ဟု ရွေးကောက်ပွဲ ခုံအဖွဲ့က ညွှန်ကြား သည့်အခါ ယင်းတို့ ကိုယ်တိုင်လာရောက်ရမည်။

## အခန်း(၁၆)

## အထွေထွေ

၈၂။ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် အပါအဝင် ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် တာဝန် ဝတ္တရားများကိုထမ်းဆောင်သော ပုဂ္ဂိုလ်သည် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည် -

(က) ရွေးကောက်ပွဲနှင့် သက်ဆိုင်သော စာရင်းဇယားများနှင့် မှတ်တမ်းများကို တိကျစွာ ပြုစုထိန်းသိမ်းခြင်း၊

(ခ) လျှို့ဝှက်ဆန္ဒမဲပေးခြင်းကို ကူညီစောင့်ရှောက်ခြင်း၊

(ဂ) ကော်မရှင်က ထုတ်ပြန်ခွင့်ပြုသော စာရင်းအချက်အလက်များမှ တစ်ပါး အခြား ကိစ္စများနှင့် စပ်လျဉ်း၍ပေါက်ကြားခြင်းမရှိစေရန် စောင့်ထိန်းခြင်း၊

(ဃ) ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးဦး အတွက် မှန်မှန်ကန်ကန် ဆောင်ရွက်ခြင်း၊ မည်သည့်လွှတ်တော် ကိုယ်စားလှယ်လောင်းအတွက်မျှ မဲမဆွယ်ရခြင်း၊ ဘက်မလိုက်ရခြင်း။

၈၃။ ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်မှုတစ်ခုခုကို တစ်ဦးတစ်ယောက်သော သူက ကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ဆဲဖြစ်ကြောင်း တွေ့ရှိလျှင် မဲရုံမှူးသည် ထိုသူကို ဖမ်းဆီးရန် တာဝန်ကျ ရဲတပ်ဖွဲ့ဝင် သို့မဟုတ် အခြား လုံခြုံရေး တာဝန်ရှိသူအား ညွှန်ကြားနိုင် သည်။

၈၄။ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများသည် ရွေးကောက်ပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ လိုအပ်သော အကူအညီများကို အစိုးရဌာန၊ အဖွဲ့အစည်းများထံမှ သော်လည်းကောင်း၊ အခြားအဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များထံမှသော် လည်းကောင်း ရယူဆောင်ရွက်နိုင်သည်။

၈၅။ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများတွင် အဖွဲ့ဝင်အဖြစ် သော်လည်းကောင်း၊ ရွေးကောက်ပွဲ တာဝန်များကို ထမ်းဆောင်သော ဝန်ထမ်းအဖြစ်သော် လည်းကောင်း ပါဝင်ဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်ခြင်း ဖြစ်သည်ဟု မှတ်ယူရမည်။

၈၆။ ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် ရွေးကောက်ပွဲခုံအဖွဲ့တို့၏ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ချက် သို့မဟုတ် ဆုံးဖြတ်ချက် များနှင့် စပ်လျဉ်း၍ မည်သည့် တရားရုံးတွင်မျှ စစ်ဆေးပိုင်ခွင့်မရှိစေရ။

၈၇။ တရားဝင်အပ်နှင်းထားသောလုပ်ပိုင်ခွင့်အရ ဥပဒေနှင့်အညီ မိမိတာဝန်ကို သဘောရိုးဖြင့် စွမ်းဆောင်နိုင်သမျှ ထမ်းဆောင်သော ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်နှင့် ယင်းတို့၏ အဖွဲ့ဝင်များ၊ ရွေးကောက်ပွဲခုံအဖွဲ့နှင့် ရွေးကောက်ပွဲခုံအဖွဲ့ဝင်များ၊ မဲရုံမှူး အပါအဝင် မဲရုံအဖွဲ့ဝင်များ၏ လုပ်ဆောင်ချက်များအတွက် တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှု ကြောင်း အရဖြစ်စေ တရားစွဲဆိုခြင်း မခံထိုက်စေရ။

*၈၈။(က) နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုဖြင့်ဖြစ်စေ၊သေဒဏ် သို့မဟုတ် တစ်သက် တစ်ကျွန်းဒဏ်ထိုက်သော ပြစ်မှုဖြင့်ဖြစ်စေ ပြစ်မှုထင်ရှား စီရင်ခြင်းခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက် ရပ်တည်ပိုင်ခွင့် မရှိကြောင်း ကော်မရှင်က ကြေညာခြင်း ခံရသူသည် ယင်းသို့ ကြေညာသည့်နေ့မှစ၍ နောင်တွင်ပြုလုပ်သည့် ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။

---

* ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် ပြင်ဆင်ထားသည့်အတိုင်း အစားထိုးထားပါသည်။

*(ခ) အခန်း (၁၃) ပါ ပြစ်မှုတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော် ကိုယ်စားလှယ်လောင်းသို့မဟုတ် လွှတ်တော်ကိုယ်စားလှယ် အဖြစ် ဆက်လက် ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ယင်းသို့ ကြေညာသည့်နေ့မှစ၍ လက်ရှိ လွှတ်တော် သက်တမ်းနှင့် နောက်လာမည့် လွှတ်တော်သက်တမ်း တစ်ခုအတွက် ကျင်းပသည့် ရွေးကောက်ပွဲများတွင် လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။

*(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) မှအပ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်း ပုဒ်မ ၇၄၊ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မ ၇၅၊ ပုဒ်မခွဲ (ခ)အရ ကော်မရှင်က နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန် ကြေညာခြင်းခံရသူသည် လည်းကောင်း၊ သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲ ကုန်ကျစရိတ်စာရင်း တင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်း ပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရပြီး ကော်မရှင်က အရည်အချင်းပျက်ယွင်းသူဟု ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ရွေးကောက်ပွဲ ကိုယ်စားလှယ် သည်လည်းကောင်း၊ လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခံရပြီးနောက် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ထောင်ဒဏ် ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည် ပိုင်ခွင့် မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်သည်လည်းကောင်း ယင်းသို့ကြေညာသည့် နေ့မှစ၍ လက်ရှိလွှတ်တော်သက်တမ်းအတွင်း ကျင်းပသည့် ရွေးကောက်ပွဲ များတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ ။

---

* ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် ပြင်ဆင်ထားသည့်အတိုင်း အစားထိုးထားပါသည်။

၈၉။ လွှတ်တော်တွင် တစ်စုံတစ်ရာသော အကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ခဲ့လျှင် ဥပဒေနှင့်အညီ အစားထိုးရွေးကောက်တင်မြှောက်ရမည်။

၉၀။ ကော်မရှင်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက် ရာတွင် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(သန်းရွှေ)

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ